၂၀၁၅ ခုနှစ်

# မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေး
## မြန်မာနိုင်ငံ



၂၀၁၅ ခုနှစ် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ
စောင့်ကြည့်လေ့လာရေး အစီရင်ခံစာ ပါဝင်သည်။

## အစီရင်ခံစာအကြောင်း

LANDMINE & CLUSTER MUNITION MONITOR

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများစောင့် ကြည့် လေ့လာရေးအဖွဲ့ (LCM)သည် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ အသုံးပြုတားမြစ် ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက် ပေးသည်။ မြေမြုပ်မိုင်း အသုံးပြုမှု ပိတ်ပင် တားမြစ်ခြင်း နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL)အား ကမ္ဘာ အပုမ်းလူသတ်မိုင်းများ ရှင်းလင်း ပပျောက်ရေးအတွက် ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည်နိုင်ငံပေါင်း(၇၁) နိုင်ငံတွင် ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်း ပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခုဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် ငြိမ်းချမ်းရေး နိဘယ်လ် ဆုရခဲ့သည်။ ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ အသုံးပြုမှုတားမြစ် ပိတ်ပင်ခြင်း ညွှန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ ဖျက်သိမ်းပေးရန်၊ ယင်းလက်နက်ကြောင့် နောက်ဆက်တွဲထိခိုက်သေကြေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက် များကြောင့် အတိ ဒုက္ခရောက်မှုများကို ထာဝရ အဆုံး သတ်စေရန် စသည်တို့ အတွက် ရည်ရွယ်ကြိုးပမ်း ဆောင်ရွက်နေသော နိုင်ငံတကာ စည်းရုံး လှုံ့ဆော်ရေး အဖွဲ့ကြီး ဖြစ်သည်။

မြေမြုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ၁၉၉၇ခုနှစ် အိုတာဂါ သဘောတူစာချုပ်မိုင်း အသုံးပြုမှု ပိတ်ပင် တား မြစ်ခြင်း သဘောတူစာချုပ်အား အကောင် အထည်ဖေါ်ခြင်းနှင့် ပတ်သက်၍ မှတ်တမ်းတင်သည်။ ထို့အပြင် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေး အဖွဲ့ သည် ၂၀၀၈ခုနှစ်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူချုပ် အကောင် အထည်ဖေါ်မှုကို မှတ်တမ်းတင်သည်။ ၎င်းနှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ်လာ သည့် အကြပ်အတည်းများအပေါ် နိုင်ငံတကာအသိုင်းအဝန်းက တုန့်ပြန် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လည်း စောင့်ကြည့်လေ့လာသည်။

၂၀၁၅ခုနှစ် နိုဝင်ဘာလ (၁)ရက်နေ့အထိ ကမ္ဘာ အစိုးရစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းဖြစ်သော နိုင်ငံပေါင်း ၁၆၂ နိုင်ငံက မြေမြုပ်မိုင်း အသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၁၁၄ နိုင်ငံက ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုတာမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများများပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုစလုံးအား လက်မှတ်ရေး ထိုးခြင်း မပြုသေးပေ။

မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် စာချုပ်ပါ အချက်များ မှန်ကန်ခြင်း ရှိမရှိ စစ်ဆေးသောအဖွဲ့မဟုတ်သကဲ့သို့ တရားဝင်စုံစမ်း စစ်ဆေးရေး အဖွဲ့လည်းမဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများသည် လူသတ်မိုင်း ဆန့်ကျင် တိုက်ဖျက်ရေးတာဝန်ရှိမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိမရှိ လေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာ ဖြစ်သည်။ စာချုပ်အားလက်မှတ်ရေးထိုးထားသော တိုင်းပြည်များအနေဖြင့် အစီရင်ခံ တင်ပြခြင်းစည်းကမ်းအား လိုက်နာလာစေရန် ရည်ရွယ်ခြင်း လည်း ဖြစ်သည်။ ယခု အစီရင်ခံစာသည် မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက် ပစ္စည်းများ ပြဿနာ၏ အခြေအနေကို ပိုမို သိလာစေရန်၊ လက်မှတ်ရေး ထိုးထားခြင်းမရှိသေးသော အစိုးရ၏မူဝါဒများ (သို့မဟုတ်)လုပ်ဟန်များကို ပိုမိုသိရှိ လာစေရန် အတွက်ရည်ရွယ် သည်။

မြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြုပ်မိုင်း ကင်းစင်သော ကမ္ဘာကြီး ဖြစ်လာစေရေး ရည်မှန်းချက် အထမြောက် အောင်မြင်စေရန်အတွက် လူ့အဖွဲ့အစည်းအတွင်းပိုမိုသိရှိ နားလည်လာစေရန်နှင့် ဆွေးနွေးမှုများ ပိုရှိလာစေရန် ရည်ရွယ်သည်။

မြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာကြီးတခုလုံး အကျိုးဖြစ်ထွန်း စေလိုသည့် အလို့ငှာ ၎င်းစောင့်ကြည့်လေ့လာသော ကိစ္စရပ်နှင့်ပတ်သက်၍ မှန်ကန်သော သတင်း အချက်အလက် များ အတွက်သာ ဦးတည် လုပ်ဆောင်သည်။ ၎င်းမှတ်တမ်းများနှင့်သုံးသပ်ချက်များသည် အရေးကြီးသကဲ့သို့ အပြုသဘောဆောင်သော တင်ပြချက်များ သာဖြစ်သည်။

၂၀၁၅ခုနှစ်မြန်မာနိုင်ငံဆိုင်ရာမြေမြုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး သုတေသီသည် ယက်စ် ဟူဟွာ မိုဆာ-ပူအန်စူဂမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ နှစ်စဉ် အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်း အားလုံး နှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီမှုများကိုလည်း အထူးအသိအမှတ်ပြုပါသည်။ ယခုအကြောင်းအရာများနှင့်ပတ်သက်၍မှတ်တမ်းများပိုမိုတိကျစေရန် ပါဝင်ကူညီမှုများ ပြုလုပ်ပေး ကြရန် အတွက် လည်းတောင်းဆို လိုက်ပါသည်။ အစီရင်ခံစာပါ သတင်းအချက်အလက် များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

---

မျက်နှာဖုံးဓါတ်ပုံ။ ကရင်ပြည်နယ်တွင်း မြေမြှုပ်မိုင်းအသက်ရှင်ကျန်သူတဦး စက်ဘီးနင်းနေပုံ။ ဓါတ်ပုံမူရင်း၊ ရှောင်ဆက်တွန် / မိုင်းအကြံပေးအဖွဲ့။ ခွင့်ပြုချက်နှင့်အသုံးပြုသည်။

မြေမြုပ်မိုင်းနှင် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအစီရင်ခံစာ

မြန်မာနိုင်ငံ

International Campaign to Ban Landmines

**burma@icblcmc.org | www.the-monitor.org |**

**www.burma.icbl.org**

## မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကိုသဘောတူလက်ခံထားသော နိုင်ငံတနိုင်ငံမဟုတ်ပေ။[1] မကြာသေးမီနှစ်များအတွင်း သဘောတူစာချုပ်နှင့်ပတ်သက်ပြီး မြန်မာအစိုးရထံမှ တိတိကျကျ မဟုတ်သည့်သတင်းစကားများသာ ထွက်ပေါ်ခဲ့သည်။

၂၀၁၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီး ပိတ်ပင်ခြင်းသဘောတူ စာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေကြောင်းနှင့် မြန်မာအစိုးရသည် မြေမြှုပ်မိုင်းအသုံးပြုခြင်း မရှိတော့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။[2] သို့သော် ၂၀၁၂ ခုနှစ် နိုဝင်ဘာ လတွင် ကျင်းပခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်း ထိပ်သီးဆွေးနွေးပွဲတွင် သမ္မတဦးသိန်းစိန်က "မိမိကိုယ်ကို ခုခံကာကွယ်ရေးနှင့် လူထုအသက်အိုးအိမ်စည်းစိမ် လုံခြုံမှုအတွက် မိမိတို့သည် မြေမြှုပ်မိုင်းများအား ခုခံကာကွယ်ခြင်း နည်းလမ်းတခုအဖြစ် ဆက်လက်အသုံးပြုရန် လိုအပ်နေသေးသည်" ဟု ပြောဆိုခဲ့သည်။ [3]

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် စာချုပ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး ထိုသို့အစည်းအဝေးတက်ရောက်မှုအား "သဘောတူစာချုပ်၏ လက်ရှိနှင့် အနာဂါတ်လုပ်ငန်းများတွင် မိမိတို့၏ စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လိုမှုကို ရှင်းရှင်းလင်းလင်း ထပ်ဟပ်ပါစေသည်" ဟု ပြောဆိုခဲ့သည်။[4]

မြန်မာနိုင်ငံသည် သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံတနိုင်ငံအဖြစ် ပါဝင်ခြင်းမရှိသေးသော်လည်း ၂၀၀၃ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်များအပါအဝင် မြေမြှုပ်မိုင်း

---

[1] ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားအဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲလိုကြသည်။ ပြည်နယ်နှင့်တိုင်းများ၏ အမည်များကို ယခင်မူရင်းအတိုင်းခေါ်ဝေါ်ကြသလို အာဏာရ ပြည်ခိုင်ဖြိုး အစိုးရက အသံထွက်အတိုင်းခေါ်ဆိုသည့် အသုံးအနှုန်းကိုလည်း ကွင်းစကွင်းပိတ်နှင့် ဖေါ်ပြသုံးစွဲမှုမျိုးလည်း ရှိသည်။ ဥပမာ ကရင်နီ (ကယား) ပြည်နယ်ဟူ၍ ဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်များစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့ (MIMU) က အသုံးပြုသည့် အမည်များအတိုင်း မြို့နယ်အမည်များကို စတင်အသုံးပြုသည်။ ပိုမိုသိရှိလိုပါက www.themimu.info တွင်ကြည့်ပါ။

[2] ၂၀၁၂ ခုနှစ် ဇူလိုင်လ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော ASEAN နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကျင်းပစဉ် (၁၁)ကြိမ်မြောက် စာချုပ်အဖွဲ့ဝင်များ၏ အစည်းအဝေး သဘာပတိ Prak Sokhonn အား ဦးဝဏ္ဏမောင်လွင်က အထက်ပါအတိုင်း ပြောခဲ့ခြင်း ဖြစ်သည်။ "မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းများ အသုံးပြုမှုပိတ်ပင် တားဆီးခြင်း သဘောတူစာချုပ် လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရေးယူနစ်။ ၁၂ ဇူလိုင် ၂၀၁၂။

[3] အစိုးရသတင်းစာပါ သမ္မတမိန့်ခွန်း "Establishment of ASEAN Community is not ultimate goal of ASEAN but a milestone towards stable, peaceful and prosperous region," *New Light of Myanmar*(p16) ,19 November 2012. http://www.burmalibrary.org/docs14/NLM2012-11-19.pdf

[4] Statement of Myanmar မြေမြှုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ ၁၃ ကြိမ်မြောက် အစည်းအဝေး၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၅

အသုံးပြုမှုတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ်မေလ နှင့် ၂၀၁၄ ခုနှစ် ဧပြီလ ဂျနီဗာမြို့တွင် ကျင်းပခဲ့သော လုပ်ငန်းကဏ္ဍစုံအစည်းအဝေးများသို့ ပထမဆုံးအကြိမ်အဖြစ် တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ်ဇွန်လ မိုဇမ်ဘစ်နိုင်ငံ၊ မပူတိုမြို့တွင် ကျင်းပခဲ့သော တတိယအကြိမ်မြောက် ပြန်လည်သုံးသပ်ခြင်းညီလာခံအပါအဝင် စာချုပ် ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ခြင်း မရှိသေးပေ။[5]

လွန်ခဲ့သောတနှစ်ပတ်လည်လုံး ညှိနှိုင်းဆွေးနွေးခဲ့ပြီး ၂၀၁၅ ခုနှစ် ေ အောက်တိုဘာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့က လက်မှတ်ရေးထိုးခဲ့သော တနိုင်ငံလုံးအပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးသူအဖွဲ့အစည်းများသည် "မိုင်းအသုံးပြုခြင်း ကို ရပ်တန့်ရန်" နှင့် "မြေမြှုပ်မိုင်းအားလုံးရှင်းလင်းရေးလုပ်ငန်းစဉ် ပူးပေါင်းပါဝင်ရန်။" ဟု ဖေါ်ပြထား သည်။[6] (အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ အသုံးပြုမှုတွင်ရှု။ အောက်တွင် ဖေါ်ပြ ထားသည်။)

မြန်မာနိုင်ငံသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံ (UNGA) ၏ ဆုံးဖြတ်ချက်အမှတ် ၆၉/၃၄ မဲဆန္ဒပေးမှုတွင် မဲမပေးကြားနေနိုင်ငံ ၁၇ နိုင်ငံတွင် တစ်နိုင်ငံဖြစ်ခဲ့သည်။ ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ပုံမှန်တောင်းဆိုလာခဲ့သော ဆုံးဖြတ်ချက်ဖြစ်သည့် မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်းသဘောတူစာချုပ်ကို ကမ္ဘာ့အပ္ပမ်းလွှမ်းခြုံရေးအတွက် တောင်းဆိုခဲ့သည်။

မြေမြှုပ်မိုင်းအသုံးပြုမှုတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်ကို သဘောတူလက်ခံမည့် ဥပဒေ ပြုမှုကို မည်သည့်နိုင်ငံရေးပါတီကမှ ဦးဆောင်တင်ပြခဲ့ခြင်း မရှိသော်လည်း ၂၀၁၄ ခုနှစ် ဇွန်လတွင် မိတ်ဆက်ခဲ့သော မသန်စွမ်းသူများအခွင့်အရေးဥပဒေပြခြင်းတွင် မြေမြှုပ်မိုင်းသင့်သူများ အခွင့်အရေး ကို ရည်ညွှန်းထားသည်။[7]

၂၀၁၅ ခုနှစ် ဧပြီလတွင် ငြိမ်းချမ်းသောမြန်မာနိုင်ငံအကူအညီပေးရေးဖေါင်ဒေးရှင်းက ဦးဆောင် သော မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးရေးစည်းရုံးတိုက်တွန်းရေး၊ အစိုးရမဟုတ်သော အဖွဲ့များ အနက်တခုဖြစ်သော လူသားချင်းစာနာသော မိုင်းအရေးအားထုတ်မှုအဖွဲ့သည် ရန်ကုန်မြို့တွင် မိုင်း ဆိုင်ရာ အသိပညာပေးခြင်းနှင့် မိုင်းဆိုင်ရာအကူအညီများနိုင်ငံတကာနေ့ကို ကျင်းပခဲ့သည်။ "မြေမြှုပ်

[5] ၂၀၁၄ခုနှစ်ဇွန်လ၊ တတိယအကြိမ်မြေက် ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် မြန်မာနိုင်ငံအား သဘာတူစာချုပ်ကို လက်မှတ်ရေးထိုး တောင်းဆိုမှုများစွာရှိခဲ့သည်။ ဘယ်လ်ဂျီယမ်နှင့်ပြင်သစ်နိုင်ငံတို့ကပါ တောင်းဆိုခဲ့သည်။ ဘယ်လ်ဂျီယမ် ထုတ်ပြန်ချက်။ မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ရေးသဘောတူညီချက် တတိယအကြိမ်ပြန်လည် သုံးသပ်ခြင်းညီလာခံ။ ၂၃ ဇွန် ၂၀၁၄။ ပြင်သစ်ထုတ်ပြန်ချက်။ မိုင်းအသုံးပြုမှု တာမြစ်ပိတ်ပင်ရေးသဘောတူညီချက် တတိယအကြိမ်ပြန်လည်သုံးသပ်ခြင်းညီလာခံ။ ၂၃ ဇွန် ၂၀၁၄။ Monitor မှတ်စု။

[6] ၂၀၁၅ ခုနှစ် မတ်လတွင် နှစ်ဖက်မူကြမ်းရေးဆွဲရေးအဖွဲ့များမှ သဘောတူခဲ့သော NCA မူအကြမ်းအရ အခန်း(၃) အပစ်အခတ် ရပ်စဲရေးနှင့် သက်ဆိုင်သောကိစ္စရပ်များ။ အချက်(၅)(က)တွင် "အောက်ဖေါ်ပြပါလုပ်ငန်းများရပ်တန့်ရန် နှစ်ဖက်စလုံးမှသဘောတူသည်။ ...မြေမြှုပ်မိုင်း ထောင်ခြင်း"

[7] "New Light of Myanmar" မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေမူကြမ်းတွင် မြေမြှုပ်မိုင်းသင့်ပြည်သူများအခွင့်အရေးပါ ထည့်သွင်း သင့်သည်။ 1 p 6 June 2014, p. 1. ၂၀၁၃ ခုနှစ် ဖေဖေါ်ဝါရီလတွင် လွှတ်တော်တွင် အမတ်နေရာတချို့ အနိုင်ရခဲ့သော အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု (NDF) ဥက္ကဌက NDF အနေနှင့် လွန်ခဲ့သောနှစ်က လွှတ်တော်အာဏ်တာတွင် မြေမြှုပ်မိုင်းကိစ္စ ဆွေးနွေးရန် တင်ပြခဲ့သော်လည်း ၂၀၁၃ ခုနှစ် နှစ်လည်ပိုင်းအထိ လွှတ်တော်အတွင်းရေးမှူးအဖွဲ့ထံတွင်သာ ရှိနေသေးပြီး ဆွေးနွေးမည့်အကြောင်းအရာတွင် မပါဝင်သေးကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့သို့ အသိပေးခဲ့သည်။" ICBL Country Profile: Myanmar/Burma: Mine Ban Policy," 30 October 2014. တွင် ကြည့်ပါ။

မိုင်းအသုံးပြုမှုရပ်တန့်ရန်အတွက် အားထုတ်မှုများ လုပ်ဆောင်ရမည်။ အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်ရပြီးသည်နှင့် မြေမြှုပ်မိုင်းများစတင် ရှင်းလင်းနိုင်ပြီဖြစ်သောကြောင့် ငြိမ်းချမ်းရေး လုပ်ငန်း များအပေါ် အထူးအာရုံစိုက်လုပ်ဆောင်နေသည်" ဟု အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ချုပ် က ပြောဆိုခဲ့သည်။[8] တန်းတူရေးမြန်မာ(Equality Myanmar) အဖွဲ့က အခမ်းအနားတွင် မြန်မာဂီတ အနုပညာရှင်များ ပါဝင်ခြယ်မှုန်းထားသော မြေမြှုပ်မိုင်းသီချင်းဗွီဒီယိုခွေ ဖြန့်ချိခဲ့သည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှု ရပ်ဆိုင်းရေးလှုပ်ရှားမှု၏ ၂၀၁၄ ခုနှစ် မြေမြှုပ်မိုင်းအသုံးပြုမြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာကို ရန်ကုန်မြို့တွင် သတင်းစာရှင်းလင်းပွဲနှင့် အတူ ထုတ်ဝေခဲ့သည်။[9] မိုင်းအသုံးပြုမှုရပ်ဆိုင်းရေးလှုပ်ရှားမှုက မြန်မာဘာသာဖြင့် ရေးသားထား သော ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ ၁၀၀၀ ကျော်ကို ဖြန့်ချိခဲ့သည်။ ၂၀၁၃ ခုနှစ် မေလတွင် အစိုးရအဖွဲ့သည် ICBL အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပထမဆုံးအကြိမ်အဖြစ် လက်ခံတွေ့ဆုံခဲ့ပြီး သမ္မတရုံးဝန်ကြီး ဦးအောင်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာနမှ ကိုယ်စားလှယ်များ ပါဝင်ခဲ့သည်။

## အသုံးပြုမှု

၁၉၉၉ ခုနှစ် ပထမအကြိမ် အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍ မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့် လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် အစိုးရတပ်ဖွဲ့ နှင့် အစိုးရ မဟုတ် သော တပ်ဖွဲ့များ၏ လူသတ်မိုင်းအသုံးပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းတင်ခဲ့သည်။ ၂၀၁၄ ခုနှစ် ဒုတိယနှစ်လည်ပိုင်း နှင့် ၂၀၁၅ ခုနှစ် ပထမနှစ်လည်ပိုင်းအတွင်း မြေမြှုပ်မိုင်း အသုံးပြုမှု ဆက်လက် ရှိခဲ့သည်ဟု မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ကောက်ယူရရှိသော သတင်း အချက်အလက် များအရသိရသည်။ တပ်မတော်က မိုင်းအသုံးပြုမှုနှင့်ပတ်သက်၍ စွပ်စွဲပြောဆိုမှုများ သိသိသာသာ နည်းပါးသည်။ ယခုအစီရင်ခံစာရေးသားသည့်ကာလအတွင်း အတိုက်အခံ အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ မိုင်းအသုံးပြုမှုသည် နိမ့်ကျခဲ့သည်ကိုလည်း တွေ့ခဲ့ရသည်။

၂၀၁၄ ခုနှစ် ဧပြီလတွင် ကချင်ပြည်နယ် တိုက်ပွဲများတွင် မိုင်းအသစ်များထောင်ခြင်းအပေါ် UNICEF က စိုးရိမ်မကင်းဖြစ်မှုကို ထုတ်ဖော်ပြောဆိုခဲ့သည်။ သို့သော် မည်သူက အသုံးပြုခြင်းကို တိတိကျကျ မပြောခဲ့ပေ။[10] တခြား ကုလသမဂ္ဂမှ ထုတ်ပြန်သော အစီရင်ခံစာများ၊ ထုတ်ပြန်ကြေငြာချက် များတွင် မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းအသုံးပြုခြင်းနှင့်ပတ်သက်ပြီး စိုးရိမ်ချက်များ ထုတ်ဖော်ပြသသော် လည်း

---

[8] သတင်းထုတ်ပြန်ချက် "ကုလ နိုင်ငံတကာမိုင်းအသိပညာပေးနေ့။" တန်းတူရေးမြန်မာ။ ၇ဧပြီ ၂၀၁၅။ "မိုင်းသင့်ပြည်သူ ၅ သန်း ဟု သတိပေး"။ အဲလီဗင်းမြန်မာ။ ၅ ဧပြီ ၂၀၁၅

[9] "၂၀၁၄ မြန်မာနိုင်ငံဆိုင်ရာ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့ အစီရင်ခံစာ ထုတ်ဝေခြင်းနှင့် သတင်းစာရှင်းလင်းပွဲ"၂၉ ဒီ။ ရန်ကုန်၊ သတင်းစာရှင်းလင်းပွဲနှင့် မေးဖြေအသံဖိုင်လင့် ရှိသည်။

[10] UNICEF၊" မြန်မာနိုင်ငံကချင်ပြည်နယ်မှကလေးများသည် အကာအကွယ်ပေးခြင်းနှင့်ငြိမ်းချမ်းရေးရပိုင်ခွင့် လိုအပ်နေသည်။ ဟုUNICEFပြော။ ငြိမ်သက်နေသော်လည်း သေမင်းတမန်မြေမြှုပ်မိုင်း၊"သတင်းထုတ်ပြန်ချက်။ ၂၂ ဧ ၂၀၁၄။

၂၀၁၄ ခုနှစ် သို့မဟုတ် ၂၀၁၅ ခုနှစ်အထိအသုံးပြုခြင်းကို ရည်ညွှန်းခြင်းရှိမရှိ မရှင်းလင်းပေ။ ၂၀၁၄ ခုနှစ် မေလတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်သည် ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ စတုတ္ထအကြိမ်မြောက် အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။ အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းကြောင့် ကလေးသူငယ်ထိခိုက်အနာတရဖြစ်မှုနှင့် အမှတ်အသားမပြုသော မိုင်းကွင်းများကြောင့် ကလေးသူငယ်များအတွက် အန္တရာယ်ရှိမှုကိုပါ ဆက်လက်မှတ်တမ်းတင်ထားသည်။[11] ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ရေးသဘောတူစာချုပ်အား လက်မှတ်ရေးထိုးရန် မြန်မာအစိုးရကို ထပ်မံတောင်းဆိုခဲ့သည်။ ထို့အပြင် လွန်ခဲ့သောသုံးနှစ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းအတွင်း လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ခဲ့ရသူပြည်သူများသည် ၎င်းတို့နေရပ်ရင်းဒေသများတွင် "မြေမြှုပ်မိုင်းနှင့် ဗလပွဖြစ်နေသဖြင့်" နေရပ်ရင်းပြန်ရန် စိုးရိမ်မှုများ ရှိနေကြသည်ဟုလည်း အစီရင်ခံစာက မှတ်ချက်ပြုထားသည်။ "မိုင်းရှင်းလင်းခြင်းအပြင် မိုင်းများနေရာသတ်မှတ်ခြင်းနှင့် အမှတ်အသားပြုခြင်းများတွင် တိုးတက်မှုမရှိသေး"ဟု အထူးကိုယ်စားလှယ်က မှတ်ချက်ပြုခဲ့သည်။[12] မြေမြှုပ်မိုင်းများနှင့် အမှတ်အသားမပြုထားသော မိုင်းကွင်းများသည် မြန်မာနိုင်ငံသို့ ဒုက္ခသည်များပြန်လာရေးအတွက် အဓိကအဟန့်အတားဖြစ်နေသည်ဟု ထိုင်းနိုင်ငံအခြေစိုက် UNHCR ပြောရေးဆိုခွင့်ရှိသူက ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် တိတိကျကျပြောကြားခဲ့သည်။[13]

## အစိုးရတပ်ဖွဲ့များ

၂၀၁၅ ခုနှစ် မတ်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်နေသော ချင်းပြည်နယ် ပလက်ဝမြို့နယ် ပြင်ဆိုးကျေးရွာသားများကို ခြေမြန်တပ်မ ၂၈၉ က စစ်သားများက ရွာအနီးချောင်းကိုကျော်၍ မသွားရန်၊ တခြားဖက်ကမ်းတွင် မိုင်းများထောင်ထားကြောင်း သတိပေးခဲ့သည်ဟု ဆိုသည်။[14] မတ်လနှောင်းပိုင်းတွင် ရွာသားများသည် မြေမြှုပ်မိုင်းအန္တရာယ်ကို စိုးရိမ်သောကြောင့် ရွာမှစွန့်ခွာထွက်ပြေးခဲ့ကြသည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် အစိုးရစစ်သားများက မိုးမောက်မြို့နယ်အတွင်း ရှေ့တန်းဒေသသို့ ရွာသားများကို လိုက်ပို့ခိုင်းပြီး ထိုနေရာသို့ နောက်ထပ်မလာရန်၊ မိုင်းများခင်းထားပြီး ဖြစ်သည် ဟု ရွာသားများကို သတိပေးခဲ့သည်။[15] ကချင်ပြည်နယ်ရှေ့တန်းစခန်းများ အနီးတပိုက် အစိုးရ တပ်ဖွဲ့များက မြေမြှုပ်မိုင်းများ ထောင်ထားခြင်းကြောင့်

---

[11] မြန်မာနိုင်ငံအတွင်း ကလေးသူငယ်နှင့်လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲ ကုလချုပ်အစီရင်ခံစာ။"" A/68/878–S/2014/339 (paragraph 110), 15 May 2014.

[12] UNGA၊ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေ၊"para's 35–36, A/69/398, 23 September 2014.

[13] သင်းလဲ့ဝင်း၊ "ထိုင်းနိုင်ငံမှမြန်မာဒုက္ခသည်များ အိမ်ပြန်ရေးအတွက် မြန်မာနိုင်ငံတွင်အဆင်သင့်မဖြစ်သေး။ UNHCR," Reuters, 23 July 2014.

[14] ချင်းလူ့အခွင့်အရေးအဖွဲ့။ "အကြောင်းအရာအကျဉ်းချုပ်။ပလက်ဝအတွင်းလက်နက်ကိုင်ပဋိပက္ခ၊ တောင်ပိုင်း ချင်းပြည်နယ်။ 15 June 2015, p. 7.

အရပ်သားထိခိုက်သေဆုံးမှုများ ဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်သော်လည်း မည်သည့်နေရာများတွင် မိုင်းထောင်ခဲ့သည်ကို မသိနိုင်ပေ။[16]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အသုံးပြုမှု[17]

၂၀၁၁ ခုနစ်မှစ၍ အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက် ရယူရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုသည့်နောက်ပိုင်းတွင် နိုင်ငံအဝှမ်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနီးပါးနှင့် အစည်းအဝေးပွဲပေါင်းများစွာ ကျင်းပခဲ့သည်။ မြေမြှုပ်မိုင်းအသုံးပြုမှု ရပ်တန့်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းလိုအပ်ချက်များကို အစည်းအဝေး ပေါင်းများစွာတွင် ထုတ်ဖေါ်ဆွေးနွေးခဲ့သည်။ [18]

စောင့်ကြည့်လေ့လာရေးအဖွဲ့ လက်ခံရရှိခဲ့သော တနိုင်ငံလုံးအပစ်အခပ်ရပ်စဲရေးသဘောတူစာချုပ် (NCA) မူကြမ်းတွင် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသောအဖွဲ့အစည်းများသည် " မိုင်းထောင်ခြင်းကို အဆုံးသတ်ရမည်။" နှင့် "မြေမြှုပ်မိုင်းရှင်းလင်းခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်း ပါဝင်မည်။" ဟု ဖေါ်ပြထားသည်။[19] ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် NCA ကို ကရင်အမျိုးသား အစည်းအရုံး (KNU) မှ ခွဲထွက်ခဲ့သော (၂) ဖွဲ့ အပါအဝင်၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေး ကောင်စီ (RCSS)၊ ရခိုင်လွတ်မြောက်ရေးပါတီ (ALP)၊ ပအိုဝ်အမျိုးသား လွတ်မြောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ ချင်းအမျိုးသားတပ်ဦး စသည့် တိုင်းရင်းသား လက်နက်ကိုင် (၈) ဖွဲ့က လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းအဖွဲ့ အားလုံးသည် ယခင်က မိုင်းစစ်ပွဲတွင် ပါဝင်ခဲ့သူများ ဖြစ်သည်။[20] အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ကြပ်မတ်ရေးနှင့် ပတ်သက်ပြီး အပြီး သတ်သဘောတူညီခြင်း မရှိသေးပေ။ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ပါ မိုင်းနှင့် ပတ်သက်

---

15 ကချင်ပြည်နယ်အတွင်း စစ်ဘေးရှောင်လူမှုအသိုင်းအဝန်းအရေးလုပ်ကိုင်နေသော လူသားချင်းစာနာအဖွဲ့များနှင့် Monitor အင်တာဗျူး။ ရန်ကုန်။ ၉ နှင့် ၁၃ အောက်တိုဘာ ၂၀၁၅၊ အမည်များမဖေါ်ပြ။

16 ဉပမာ"သိန္နီမြို့နယ်တွင် အဖွားအိုတဦးမြေမြှုပ်မိုင်းကြောင့် သေဆုံး" ကိုကြည့်။ Burma News International, 8 July 2015.

17 ၁၉၉၉ ခုနှစ်မှစ၍အနည်းဆုံးလက်နက်ကိုင်၁၇ဖွဲ့သည့် လူသတ်မိုင်းများအသုံးပြုသည်။ သို့သော်တချို့အဖွဲ့များသည် မရှိတော့သည့် အပြင် မိုင်းအသုံးပြုခြင်းလည်း မရှိတော့ပါ။

18 နိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ၁၁ကြိမ်မြောက်အစည်းအဝေးသဘာပတိ Prak Sokhonn အား အထက်ပါအတိုင်း ပြောကြားခဲ့သည်။ ၂၀၁၂ ခုနှစ် ဖနွမ်းပင်တွင် ကျင်းပသော ASEAN နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအတွင်း အလွတ်သဘောတွေ့ဆုံခြင်း။ "“မြန်မာနိုင်ငံသည် ၎င်း၏ ပြုပြင် ပြောင်းလဲရေးဖြစ်စဉ်၏ တစိတ်တပိုင်းအဖြစ် မြေမြှုပ်မိုင်း တားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံရန် စဉ်းစားနေ" သတင်းထုတ်ပြန်ချက်။ လူသတ်မိုင်းအသုံးပြုမှု တားမြစ် ပိတ်ပင်ခြင်း သဘောတူစာချုပ် အကောင်အထည်ဖေါ်ခြင်း အထောက်အပံ့ယူနစ်။ ဇူလိုင် ၁၂ ၂၀၁၂။ http://bit.ly/Pa7U5b.

19 ၂၀၁၅ ခုနှစ် မတ်လတွင် နှစ်ဖက်မူကြမ်းရေးဆွဲရေးအဖွဲ့များမှ သဘောတူခဲ့သော NCA မူအကြမ်းအရ အခန်း (၃) အပစ်အခတ် ရပ်စဲရေးနှင့် သက်ဆိုင်သောကိစ္စရပ်များ။ အချက် (၅)(က)တွင် "အောက်ဖေါ်ပြပါလုပ်ငန်းများရပ်တန့်ရန် နှစ်ဖက်စလုံးမှသဘောတူသည်။ ...မြေမြှုပ်မိုင်း ထောင်ခြင်း"အခန်း(၅) (င) တွင်"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်လာသည်နှင့်အမျှ နှစ်ဖက်စလုံးက ထောင်ထားသော မြေမြှုပ်မိုင်းများ ရှင်းလင်းခြင်းလုပ်ငန်းစဉ်တွင်ပူးပေါင်းပါဝင်ရန် သဘောတူသည်။မြေမြှုပ်မိုင်းရှင်းလင်းခြင်းပရောဂျက်များအတွက် နှစ်ဖက်အားထုတ်ချက်များကို အစိုးရ အဆင့်တိုင်းတွင် အနီးကပ်အကြံပြုဆွေးနွေးခြင်းမှတဆင့် ဆောင်ရွက်သင့်သည်။ "ပိုမိုသိရှိလိုပါကမိုင်းကင်းစင်ရေး မြန်မာနိုင်ငံ။" မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းနှင့်အမျိုးသားအပစ်အခတ်ရပ်စဲရေလုပ်ငန်းစဉ်။"၁၁ ဩဂုတ် ၂၀၁၅။

သောလုပ်ငန်းများ အကောင်းအထည်ဖော်မှုနှင့်ပတ်သက်၍ ရှင်းလင်းသော လမ်းညွှန်ချက်များ မရှိသေးပေ။ သဘောတူညီချက် အပြင်ဖက်တွင် လက်နက်ကိုင်အဖွဲ့များစွာ ကျန်နေသေးသည်။

တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်အတွက် အစိုးရနှင့် ဆွေးနွေးနေသည့် ကာလ အတွင်း မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမှ လူသတ်မိုင်းများ အသုံးပြုခြင်းကို တဖတ်သတ် စွန့်လွှတ်ခဲ့ခြင်း မရှိပေ။ [21]

၂၀၁၅ ခုနှစ် မတ်လတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်နယ်နိမိတ်ထိစပ်နေသော ချင်းပြည်နယ် ပလက်ဝ မြို့နယ် ပြင်ဆိုးကျေးရွာသားများက ရခိုင်တပ်မတော် (AA) သည် အစိုးရတပ်နှင့် တိုက်ပွဲဖြစ်နေစဉ် ကာလအတွင်း ၎င်းတို့ရွာအစွန်တွင် မိုင်းထောင်သည်ကို တွေ့ရှိခဲ့ကြောင်း ပြောဆိုခဲ့သည်။ မတ်လ နှောင်းပိုင်းတွင် ရွာသားများသည် မြေမြှုပ်မိုင်းအန္တရာယ်ကို စိုးရိမ်သောကြောင့် ရွာမှစွန့်ခွာထွက်ပြေး ခဲ့ကြသည်။[22] ၂၀၁၃ ခုနှစ် ကချင်ပြည်နယ်တွင် လက်နက်ကိုင်ပဋိပက္ခများ ပြန်ဖြစ်ကတည်းက ကချင် လွတ်လပ်ရေးအဖွဲ့/ တပ်မတော် (KIO/KIA) သည် မိုင်းစစ်ပွဲများ ဆင်နွှဲနေသည်ဟု စောင့်ကြည့်ကြပ် မတ်ရေးအဖွဲ့သို့ အစီရင်ခံမှုများ ရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ၆ မေလတွင် KIA က မိုးကောင်းမြို့နယ်အတွင်းရှိ ၆ ကျေးရွာပေါင်းများစွာထံသို့ မိုင်းအသစ်ခင်းထားကြောင်း အကြောင်းကြားစာ ပေးပို့ခဲ့သည်။[23] ကချင် ပြည်နယ် တိုက်ပွဲများတွင် မိုင်းခင်းအသစ်များ ချခြင်းအပေါ် UNICEF က စိုးရိမ်မကင်းဖြစ်မှုကို ထုတ် ဖေါ် ပြောဆိုခဲ့သည်။ သို့သော် မည်သူကအသုံးပြုခြင်းကို တိတိကျကျ မပြောခဲ့ပေ (အထက်တွင် ရှု)။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် KIA ကို မြေမြှုပ်မိုင်းအသုံးပြုသည်ဟူ၍ စွပ်စွဲ ပြောဆိုလိုက်ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း KIA က ထောင်သော မိုင်းများကြောင့် ပြည်သူ (၁၀) ဦးသေဆုံးခဲ့ရပြီး ၃၇ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဖေါ်ပြခဲ့သည်။[24] ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ကရင်အမျိုးသားအကျိုးပြု ဒီမိုကရေစီတပ်မတော် (DKBA) သည် ကရင်ပြည်နယ် ၆ ကော့ကရိတ်မြို့နယ်

---

[20] "ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး။"မြန်မာ့အလင်း။ ၁၆အောက်တိုဘာ၂၀၁၅။ စာ၁။ အပစ်အခတ်ရပ်စဲသောသဘောတူစာချုပ် ချုပ်ဆိုသည့်နိုင်ငံရေးအဖွဲ့အစည်းများတွင် လက်နက်ကိုင်တပ်များရှိကြသည်။KNU တွင် ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ RCSS တွင် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)၊ALP တွင်ရခိုင်လွတ်မြောက်ရေးတပ်မတော်၊ PNLO တွင် ပအိုဝ်အမျိုးသားလွတ်မြောက်ရေး တပ်မတော် နှင့် CNF တွင် ကချင်အမျိုးသားတပ်မတော်တို့ဖြစ်သည်။ ကျန်၂ဖွဲ့သည်တပ်နှင့်နိုင်ငံရေးအမည်တူညီသည်။

[21] ဆွစ်NGO တခုဖြစ်သောGeneva Call မှစီစဉ်သောကတိကဝတ်ပြုမှုသဝဏ်လွှာကို လက်မှတ်ရေးထိုးခဲ့သော ယခင်လက်နက်ကိုင် အဖွဲ့များ သည်နှင့် လက်နက်ကိုင်အဖွဲ့တချို့က လူသတ်မိုင်းအသုံးပြုမှုကိုတဖက်သတ်စွန့်လွှတ်ခဲ့သည်။ ၂၀၁၆ခုနှစ်ဇူလိုင်တွင် ချင်းအမျိုးသားတပ်မတော်က စွန့်လွှတ်ရန်ကြေငြာခဲ့သည်။ ယခုအချိန်တွင် စစ်ရေးအရ လှုပ်ရှားမှုမရှိတော့သော အာရ်ကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ နှင့် အာရ်ကန်အမျိုးသား စည်းလုံးညီညွတ်ရေးပါတီနှစ်ဖွဲ့စလုံးသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူ ဒီမိုကရက် တစ်တပ်ဦး (LDF)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်နှင့် PPLO/ ပအိုဝ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PPLA)တို့ကလည်း ၂၀၀၇ ခုနှစ် ဧပြီလတွင် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၀ ခုနှစ်ဖွန်လထုတ်ပြန်သော အစီရင်ခံစာတွင် LDF နှင့် PPLA တို့နှစ်ဖွဲ့စလုံး ပြိုလဲသွားပြီဟု Geneva Call က ဖေါ်ပြခဲ့သည်။

[22] ချင်းလူ့အခွင့်အရေးအဖွဲ့။"အကြောင်းအရာအကျဉ်းချုပ်။ပလက်ဝအတွင်းလက်နက်ကိုင်ပဋိပက္ခ၊တောင်ပိုင်းချင်းပြည်နယ်။15 June 2015, p. 7.

[23] UNHCR မှ Monitor သို့ပေးပို့သောထိခိုက်မှုကိန်းဂဏန်း။ ရန်ကုန်။၁၂ အောက်တိုဘာ ၁၀၁၅။

[24] ဒေသခံများပြောသော KIA ၏လုပ်ရပ်များ။ မြန်မာ့အလင်းသတင်းစာ။ ဒီဇင်ဘာ ၈ ၂၀၁၄။ စာ၉

အာရှအဝေးပြေးလမ်းမပေါ် အစိုးရတပ်၊ နယ်ခြား စောင့်တပ်များနှင့် တိုက်ပွဲဖြစ်စဉ် အတွင်း မိုင်းထောင်ခဲ့သည်ဟု ပြောဆိုမှုများ ရှိခဲ့သည်။[25]

ကချင်ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းရှမ်းပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခ ဆက်လက်ဖြစ်နေခြင်းကြောင့် ဒေသခံပြည်သူများ ဆက်လက်ထွက်ပြေးနေရဆဲဖြစ်ပြီး၊ ၂၀၁၃ ခုနှစ် နှောင်းပိုင်းမှ ၂၀၁၄ ခုနှစ် အစောပိုင်းအထိ မိုင်းခေါင် (မန်စီမြို့နယ်)၊ လွယ်ဂျယ် နှင့် နမ့်ခမ်းမြို့နယ်များတွင် မြေမြှုပ်မိုင်းထိခိုက်မှုများ၊ မပေါက်ကွဲပဲ ကျန်နေသည့် မိုင်းများ တွေ့ရှိနေရသည်ဟု တင်ပြချက်များ ရှိသည်။ ၂၀၁၄ ခုနှစ် ဧပြီလအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ အတွင်းနှင့် တိုက်ပွဲများ အပြီး ၎င်းတို့နေထိုင်ရာ ရွာများတွင် မိုင်းထောင်ခဲ့သည်ဟု နိုင်ငံတွင်း အိုးအိမ်မဲ့ပြည်သူ တချို့က ယုံကြည်ကြ သည်။[26] ရှမ်းပြည်နယ်နှင့် ပအိုဝ့်ဒေသများအတွင်း လက်နက်ကိုင်တိုက်ပွဲများအပြင် မြေမြှုပ်မိုင်းများ ရှိနေခြင်းကြောင့် ဆေးဝါးအကူအညီများ သယ်ဆောင်ခွင့်ပိတ်ပင်ခဲ့ကြောင်း နယ်လှည့်ကျောပိုးအိတ် ဆေးလုပ်သား အလုပ်အဖွဲ့များက ပြောဆိုခဲ့သည်။ သို့သော် ၎င်းမိုင်းများသည် အသစ်ထောင်သည့် မိုင်းများ ဟုတ်မဟုတ်ကိုတော့ ရှင်းရှင်းလင်းလင်း ပြောဆိုခြင်း မရှိခဲ့ပေ။[27]

## ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့် လွှဲပြောင်းခြင်း

ပဲခူးတိုင်းအနောက်ဖက်ခြမ်း၊ ညောင်ခြေထောက်ရှိ နိုင်ငံပိုင်စက်မှုလုပ်ငန်းတခုဖြစ်သော မြန်မာ့ကာကွယ်ရေးနှင့် စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ (ကပစ) သည် မိုင်းရာစက်ကိရိယာဖြင့် ရှာဖွေ၍ မရသော အစိတ်အပိုင်းများအပါအဝင် ဖြန့်ထွက် လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။[28] မြန်မာနိုင်ငံအာဏာပိုင်များသည် ၎င်းတို့သိုလှောင်သိမ်းဆည်းထားသော လူသတ်မိုင်းအရေအတွက်၊ အမျိုးအစားနှင့် ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းမရှိပေ။ ပြည်တွင်း ထုတ်လုပ်မှုအပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စု၊ အမေရိကန်ပြည်ထောင်စု နှင့် တခြားအမည်မသိ စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများမှလည်း လူသတ်မိုင်းများ ဝယ်ယူအသုံးပြုမှုရှိသည်ဟု မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့် လေ့လာရေး

[25] "အဝေးပြေးလမ်းမဖွင့်ပွဲ မြန်မာစစ်တပ်ကို ကရင်သူပုန်များတိုက်ခိုက်ရန် စီစဉ်။" လွတ်လပ်သောအာရှအသံ။ အာရှ။ ၁၆ ဇူလိုင် ၂၀၁၅။ ကရင်ကျောင်းသားများ။ "အာရှအဝေးပြေးတိုက်ပွဲမှာ ကျနော်တို့အကုန် ဆုံးရှုံးခဲ့ရတယ်။" ကရင်သတင်းစဉ်။၂၇ စက်တင်ဘာ၂၀၁၅ နှင့် အမည်မဖော်လိုသော လူသားချင်းစာနာသောအဖွဲ့အစည်းများနှင့် အင်တာဗျူး ရန်ကုန်။ အောက်တိုဘာ ၉ ။ ၂၀၁၅။

[26] မြန်မာနိုင်ငံအခြေစိုက် UN Protection Sector မှ အီးမေးလ်။ ၂ အောက်တိုဘာ ၂၀၁၄။

[27] Backpack Health Worker Teams, "BPHWT 2014 Annual Report," undated, p. 10. Incidents involved inter-NSAG conflicts as well as conflict between NSAG and the government.

[28] မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MM1 မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစား ရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလစ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

အဖွဲ့က အစီရင်ခံတင်ပြခဲ့ဖူးသည်။[29] မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြား တင်ပို့ ရောင်းချသည့် နိုင်ငံတခုအဖြစ် သတ်မှတ်ခံ ထားရခြင်းမရှိချေ။[30]

## အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း

KIO, KNLA, DKBA, ကရင်နီတပ်မတော် နှင့် ဂ အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် တို့သည် နင်းမိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲမိုင်းများ ထုတ်လုပ်သည်။ တချို့အဖွဲ့များက ရှေ့ထွက်မိုင်း၊ ထောင်မိုင်းနှင့် ထောင်ချောက်မိုင်းများ ထုတ်လုပ်သည်။ KNLA မှတပ်ဖွဲ့အားလုံးသည် နိုင်ငံခြားသား ပညာရှင်တဦးနှင့် လေ့ကျင့်သင်ကြားပြီးနောက် နင်းမိုင်းများ ကိုယ်တိုင်ထုတ်၍ အသုံးပြုနိုင်သည်။[31] မြန်မာနိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများသည် အစိုးရတပ်မှ ထောင်ခဲ့သောမိုင်းများကို ပြန်လည် တူးဖော်ခြင်းမှ သော်လည်းကောင်း၊ မြန်မာစစ်တပ်လက်နက်တိုက်များကို သိမ်းယူခြင်းဖြင့် သော်လည်းကောင်း မှောင်ခို လက်နက်ဈေးကွက်များမှ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း မိုင်းများ ရရှိတတ်သည်။[32]

၂၀၁၅ ခုနှစ် မတ်လနှင့် ဖေဖော်ဝါရီလတွင် အစိုးရတပ်များသည် ကိုးကန့်သောင်းကျန်းသူများထံမှ အကြိမ်ပေါင်းများစွာ မြေမြှုပ်မိုင်းများ သိမ်းယူရရှိခဲ့သည်ဟု အခိုင်အမာ ပြောဆိုခဲ့သည်။[33] ၂၀၁၅ ခုနှစ်

---

[29] Landmine Monitor Report 2004 ကိုကြည့်ပါ။ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Type-58-59-69-72A။ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိန္ဒိယနှင့် ဗြိတိန်လုပ် LTM-73, LTM-76

[30] ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ ပြည်ပသို့ရောင်းချတင်ပို့ခြင်း တားမြစ်ချက်ကို ထောက်ခံကြောင်း၊ သို့သော် တရားဝင်ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာ လူသိရှင်ကြား ထုတ်ဖော်ခြင်း မရှိပေ။ Landmine Monitor Report 2000။ စာ ၄၆၉ ကိုကြည့်။

[31] ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် Wikileaks မှ ထုတ်ပြန်သော အမေရိကန်ကြေးနန်းများအရ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန် သံတမန်တဦးနှင့် အစည်းအဝေးတွင် ကရင်နိုင်ငံရေးသမားတဦးက "၂၀၀၅ခုနှစ်တွင် နိုင်ငံခြားသား ကျွမ်းကျင်သူတဦးက KNLA အား ဘောစိများ ထည့်၍ အသုံးပြုသော နင်းမိုင်းလုပ်နည်း သင်ပေးခဲ့သည်ဟု ဆိုသည်။ KNLA က ၎င်း၏ တပ်မဟာများသည် မြေမြှုပ်မိုင်းအသစ်ထုတ်လုပ်နည်း ရရှိထားသည်ဟု ပြောဆိုသည်။ KNU နယ်မြေအတွင်းဝင်လာသော အစိုးရတပ်များအား နှောင့်ယှက်ရန်အတွက် အသုံးပြုခြင်းဖြစ်သည်ဟု KNLA အရာရှိများက ပြောဆိုသည်။ မိုင်းအသစ်များသည် ယခင် KNLA မိုင်းများထက်ပို၍ အန္တရာယ်များကြောင်း၊ လူကို သတ်ရန်မဟုတ် ကိုယ်အင်္ဂါထိခိုက်စေရန်သာ ရည်ရွယ်ကြောင်း အဆိုပါသတင်းအရင်းအမြစ်က ပြောဆိုသည်။"

[32] Landmine Monitor Report 2009 တွင် မြန်မာနိုင်ငံအတွင်း အမေရိကန်လုပ် M26 နင်းမိုင်းရှိသည်ဟု ဖော်ပြခဲ့သည်။ သို့သော် အသုံးပြုသူကို မသိခဲ့။ ၂၀၁၀ ခုနှစ်တွင် လျှို့ဝှက် သတင်းအရင်းအမြစ်တခု၏ အဆိုအရ KNLA သည် ဇော်ဂင်ထိုင်းတပ်မတော်ထံမှ M26 မိုင်းများ ရရှိခဲ့သည်ဟု ဆိုသည်။ မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်သို့ ထိုင်းနိုင်ငံမဝင်ရောက်ခင်က ဖြစ်သည်။ Landmine Monitor Report 2009 အစီရင်ခံစာ၊ စာ ၁၀၁၃ ကိုကြည့်။

[33] "ကျဆုံးသွားသော အရာရှိအကြပ်တပ်သားများ၏ အရိုးပြာအိုးများကို သူရဲကောင်းစစ်သည်ဗိမာန်တွင် မြေချ။" မြန်မာ့အလင်း။ ၂၄ ဖေ ၂၀၁၅။ စာ ၁။ "တပ်မတော်သည် ကိုးကန့်သောင်းကျန်သူများထံမှ လက်နက်များ၊ ခဲယမ်းမီးကျောက်များနှင့် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ။ မြန်မာ့အလင်း၊ ၂၅ ဖေ ၂၀၁၅၊ စာ ၉ ။ "မြန်မာနိုင်ငံ၏ အချုပ်အချာအာဏာကို ထိပါးစေမည့်မည်သည့်လုပ်ရပ်မဆို တပ်မတော်မှ မည်သည့်အခါမှ

ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က လက်နက်ချလာသော KNU/KNLA (PC) တပ်ဖွဲ့ဝင်များ ပေးအပ်သော လက်နက်များအကြား မြေမြုပ်မိုင်းတလုံး သိမ်းယူရရှိခဲ့သည်ဟု ပြောဆိုခဲ့သည်။[34] ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် ယခင် DKBA တပ်မဟာ (၅)၊ ကရင် ကလိုထူးဖောအဖွဲ့နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲ ၂ ခုအတွင်း သိမ်းဆည်းရခဲ့သော လက်နက်များအနက် မြေမြုပ်မိုင်းအလုံး ၅၀ သိမ်းဆည်း ရရှိခဲ့သည်ဟု အစိုးရ နှင့် နယ်ခြားစောင့်တပ်များက ပြောဆိုသည်။ [35]

## မိုင်းပြန့်ကျက်တည်ရှိမှု

တိုင်းရင်းသားလူမျိုးများ၏ လွတ်လပ်ရေးကာလအလွန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တော်လှန်စစ်ပွဲများ၏ ရလဒ်အဖြစ် ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံနှင့် ထိစပ်နေသောနယ်စပ်ဒေသများ၊ အထူးသဖြင့် မြန်မာနိုင်ငံ အရှေ့ဖက်ခြမ်းဒေသများတွင် မိုင်းအများအပြား ပြန့်နှံ့တည်ရှိနေသည်ဟု ယုံကြည်ရသည်။ ချင်းပြည် နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်များ အပြင် ပဲခူးတိုင်း၊ တနင်္သာရီတိုင်းဒေသကြီးစသည့်နေရာများတွင် ပါဝင်သည့် မြို့နယ် ၅၆ မြို့နယ်တွင် မိုင်းပြန့်နှံ့မှု အတိုင်းအတာတခု ခံစားနေရသည်။ အထူးသဖြင့် လူသတ်မိုင်း အန္တရာယ်ဖြစ်သည်။[36] ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးများသည် မိုင်းပြန့်နှံ့မှု အများဆုံး နေရာများ ဖြစ်နိုင်သည်။ မြေမြုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အိန္ဒိယ နယ်စပ်အနီး မြို့နယ်များတွင်လည်း ယခင်က သံသယရှိဖွယ် အန္တရာယ်များသော ဒေသများ (Suspected Hazardous Areas – SHAs) အဖြစ် မသိသေးသော နယ်မြေများနှင့် ပတ်သက်၍ အစီရင်ခံမှုများ လက်ခံရရှိသည်။[37]

မိုင်းပြန့်နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း မြေမြုပ်မိုင်းစောင့်ကြည့် လေ့လာရေးအဖွဲ့သည် အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် မြို့နယ်များအား SHA ဒေသများအဖြစ် သတ်မှတ်ထားသည်။

- ကရင်နီပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကရင်ပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကချင်ပြည်နယ် - ချီဖွေ၊ ဖားကန့်၊ မန်စီ၊ မိုးကောင်း၊ မိုးမောက်၊ မြစ်ကြီးနား၊ ဆော့လော်နှင့် ဝိုင်းမော်
- မွန်ပြည်နယ် - ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ နှင့် ရေးမြို့နယ်

သည်းခံမည်မဟုတ်။ တပ်မတော်သတင်းစာရှင်းလင်းပွဲ" [ မြန်မာ့အလင်း။ ၂၂ ဧပြီ၂၀၁၅။ စာ ၁-၃။ "လောက်ကိုင်တွင် ကိုးကန့်သောင်းကျန်းသူများက ဥပဒေမဲ့ လုပ်ရပ်များကျူးလွန်နေ။" မြန်မာ့အလင်း၊ ၁၇ ဖေ ၂၀၁၅။ စာ ၃။ "တောင်ကုန်းများ သိမ်းပြီးနောက် ခရီးသွားလာမှုလုံခြုံရေးအတွက် လောက်ကိုင်-ခွန်ယန်လမ်လမ်းကို တပ်မတော်က ပြန်လည်ဖွင့်လှစ်။ မြန်မာ့အလင်း၊ ၂ မတ် ၂၀၁၅။ စာ ၂။

[34] "ဥပဒေဘောင်းအတွင်း ပြန်ဝင်ရောက်လာသော KNU/KNLA(PC) အဖွဲ့ဝင်များ၊" မြန်မာ့အလင်း။ ၁ ဖေဖော်ဝါရီ၂၀၁၅။စာ ၃

[35] "တပ်မတော်၊ နယ်ခြားစောင့်တပ် ကော့ကရိတ်ဒေသ KKO နေရာများ ရှင်းလင်း။" မြန်မာ့အလင်း ၂၀ ဇူလိုင် ၂၀၁၅။ စာ ၉

- ပဲခူးတိုင်းဒေသကြီး - ကျောက်ကြီး၊ ရွှေကျင်၊ သနပ်ပင် နှင့် တောင်ငူ
- ရခိုင်ပြည်နယ် - မောင်းတော
- ရှမ်းပြည်နယ် - ဟိုပုံး၊ သိန္နီ၊ ဆီဆိုင်၊ ကွမ်းယန်၊ လန်ခို၊ လွိုင်လင်၊ မောက်မိုင်၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ နမ့်ဆန်၊ တာချီလိတ်၊ နမ့်မတူ၊ နမ်ခမ်း၊ ယောက်ဆပ် နှင့် ရွာငံ
- တနင်္သာရီတိုင်းဒေသကြီး - ဘုတ်ပြင်း၊ ထားဝယ်၊ တနင်္သာရီ၊ သရက်ချောင်း နှင့် ရေဖြူ
- စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၄ ခုနှစ်တွင် လူထုအခြေပြုအဖွဲ့အစည်း ၁၁ ဖွဲ့ ၏ အကူအညီဖြင့် နယ်ခြားစုပေါင်းအဖွဲ့ကြီး (The Border Consortium) သည် မြန်မာနိုင်ငံ အရှေ့တောင်ဖက်ခြမ်းရှိ ကျေးရွာပေါင်း ၂၂၂ ရွာတွင် လုံခြုံရေးစစ်တမ်းတခု ကောက်ယူခဲ့ရာ ရွာပေါင်း ၅၃ ရာခိုင်နှုန်းတွင် မိုင်းအန္တရာယ်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ ရှမ်းပြည်တောင်ပိုင်း၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယာပြည်နယ်၊ ပဲခူးတိုင်း ဒေသကြီး အရှေ့ဖက်ခြမ်း နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများတွင် မေးခွန်းပုံစံကို အသုံးပြု၍ စစ်တမ်း ကောက်ယူခဲ့သည်။[38]

၂၀၁၃ ခုနှစ်အတွင်း လူမှုအခြေပြု အဖွဲ့အစည်း ၁၁ ဖွဲ့၏ အကူအညီနှင့် ထိုင်းမြန်မာနယ်စပ် ညှိနှိုင်းပေါင်းအဖွဲ့ကြီးက ရှမ်းပြည်တောင်ပိုင်း၊ မွန်၊ ကရင် နှင့် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း နှင့် တနင်္သာရီတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ် ၂၂ မြို့မှ ရွာပေါင်း ၂၀၉ ရွာတွင် စစ်တမ်းကောက်ယူခဲ့သည်။ စစ်တမ်းကောက်ယူခဲ့သော ရွာများအနက် ရွာ ၄၈ ရာခိုင်နှုန်းတွင် မိုင်းများ ရှိသည်ဟု သတင်းအချက်အလက် ကောက်ယူရရှိခဲ့သည်။[39]

---

36 မြန်မာနိုင်ငံသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများဟူ၍ ပိုင်းခြားသည်။ တိုင်းရင်းသားများနေထိုင်ရာကို ပြည်နယ်များဟူ၍ သတ်မှတ်သည်။ တိုင်းရင်းသားအုပ်စုအတိအကျမရှိသော တခြားဒေသများကို အုပ်ချုပ်ရေးဒေသကြီးများအဖြစ် သတ်မှတ်သည်။ စစ်အစိုးရဟောင်းသည် ၁၉၈၉ ခုနှစ်တွင် Burma မှ Myanmar သို့ ပြောင်းလဲခဲ့သည်။ ပြည်နယ်တချို့၏ အမည်များကိုလည်း ပြောင်းလဲခဲ့သည်။ တိုင်းရင်းသားအုပ်စုအများစုက Burma ဟူသောအမည်ကို ဆက်လက်ခေါ်ဝေါ်နေဆဲဖြစ်သည်။ ပြည်နယ်နှင့်ဒေသကြီးအမည်များကို မူရင်းသတင်းအရင်းမှ ယခင်အမည်အတိုင်း အသုံးပြုခြင်းမရှိပါက လက်ရှိအစိုးရအသုံးပြုသည့်အတိုင်း ဖြစ်သည်။

37 Monitor မှ ဆောင်ရွက်သော သုတေသန။ ထိခိုက်အနာတရဖြစ်မှု သတင်းအချက်အလက်၊ မိုင်းသတိပေးမှုအမှတ်အသားများ၊ အန်ဂျီအိုနှင့် တခြား အဖွဲ့အစည်းများမှ တင်ပြသော အစီရင်ခံစာများအပြင် ကွင်းဆင်းဝန်ထမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ မေးမြန်းခြင်းမှ ရရှိသည့် အချက်အလက်များ ပါဝင်သည်။ စစ်တမ်းကောက်ယူခြင်းတွင် ၂၀၀၇ ခုနှစ် စက်တင်ဘာလမှ ၂၀၁၅ ခုနှစ် ဖွန်လအထိ ထိခိုက်ဒဏ်ရာရမှု ဒေတာများ၊ ၂၀၀၈ ခုနှစ် မှ ၂၀၁၅ ခုနှစ် စက်တင်ဘာ အထိ တခြားသတင်းပေးများထံမှ ရရှိသော ဒေတာများ ပါဝင်သည်။

38 ထိုင်းနိုင်ငံအနောက်ဖက်ခြမ်း စခန်း (၉) ခုတွင် နေထိုင်နေသော မြန်မာနိုင်ငံမှ ဒုက္ခသည်ပေါင်း ၁သိန်း၂သောင်းကျော်အတွက် နယ်စပ်ထောက်ပံ့ပေးအဖွဲ့ကြီးသည် အဓိက အစားအစာ၊ နေရာထိုင်ခင်းနှင့် တခြားအကူအညီများ ပေးသည်။ မြန်မာနိုင်ငံအရှေ့တောင်ဖက်ခြမ်း တိုက်ပွဲများကြောင့် နိုင်ငံတွင်းလှည့်လည်နေထိုင်သူများ (IDP) နှင့် တခြားသူများကိုလည်း ကူညီပေးသည်။ နယ်စပ်ထောက်ပံ့ပေးအဖွဲ့ကြီး။ "မြန်မာနိုင်ငံ အရှေ့တောင်ဖက်ခြမ်း အကာအကွယ်ပေးခြင်း၊ လုံခြုံရေးစိုးရိမ်ချက်များ" နိုဝင်ဘာလ ၂၀၁၄ခုနှစ်။

39 DCA ပရိုဂရမ်မန်နေဂျာနှင့်အစည်းအဝေး၊ ချင်းမိုင်။ ၉ အောက်တိုဘာ ၂၀၁၄။ DCA သည် CIDKP လူသားချင်းစာနာသော မိုင်းလုပ်ငန်းများ ဆောင်ရွက်နေသော အလုပ်အဖွဲ့များအတွက် နည်းပညာအကူအညီ၊ အထောက်အပံ့ပေးသည်။ စစ်ဘေးသင့် လူမှုအသိုင်းအဝန်း များအတွင်း စစ်တမ်းကောက်ယူခြင်းနှင့် မိုင်းအန္တရာယ်ရှောင်ရှားရေးပညာပေးလုပ်ငန်း ဆောင်ရွက်သည်။

၂၀၁၂ ခုနှစ်တွင် ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာခဲ့ရသည့် လူမှုအသိုင်းအဝန်းများ ပြန်လည် နေရာချထားရေး အတွက် အထောက်အကူ ဖြစ်စေရန် NPA အစီအစဉ်ကို ပဲခူးတိုင်းဒေသကြီး ကျောက်ကြီး ဒေသတွင် သုံးရက်ကြာ လေ့လာမှုတခုပြုလုပ်ခဲ့သည်။ ပြန်လည်နေရာချထားရေးအတွက် စဉ်းစားထားသော နေရာဒေသများသည် မိုင်းသင့်ဒေသများဟု လေ့လာမှုက အတည်ပြုခဲ့သည်။ သို့သော် NPA သည် ၎င်းဒေသအတွင်း ပိုမိုအသေးစိတ်ကျသော စစ်တမ်းကောက်မှုပြုလုပ်ရန်အတွက် ခွင့်ပြုချက် မရခဲ့ပေ။ [40]

## စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများ

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်က ကျန်ခဲ့သော မော်တာများ၊ လက်ပစ်ဗုံးများ၊ အမြောက် ကျည်များ၊ လက်နက်များ အပါအဝင် စစ်အတွင်း ကျန်ရစ်ခဲ့ပေါက်ကွဲစေသည့် ပစ္စည်းများ၏ သက် ရောက်မှုလည်း ခံနေရသည်။ သို့သော် မည်သည့်နေရာတွင် ရှိနေသည်နှင့် မည်မျှပြန့်နှံ့နေသည်ကို မသိရပေ။ [41]

### လုပ်ငန်းအစီအစဉ် စီမံခန့်ခွဲမှု

၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး ဗဟိုဌာန (MPC) ၏ အောက်တွင် မြန်မာနိုင်ငံမိုင်းအရေးဆောင်ရွက်မှုဌာန (MMAC) တခုတည်ထောင်ရန် မူအရ သဘောတူခဲ့သည်။ သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းဦးဆောင်သော MPC သည် တိုင်းရင်းသားလူနည်းစုများနှင့် ဆွေးနွေးညှိနှိုင်းမှုများကို တာဝန်ခံဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေး သဘောတူစာချုပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသည်။ မိုင်းအရေး ဆောင်ရွက်ရန်အတွက် ဝန်ထမ်း ၅ ဦး ခန့်အပ်ထား ဆောင်ရွက်မည်ဟု သဘောတူခဲ့သည်။ သို့သော် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့အထိ မည်သည့်ဆောင်ရွက်ချက်မှ ဆောင်ရွက်သည်ကို မတွေ့ရပေ။

မိုင်းရှင်းလင်းရေးသည် အစိုးရ၏ ဦးစားပေးလုပ်ငန်းတခု ဖြစ်သော်လည်း အစိုးရနှင့် တိုင်းရင်းသားလူမျိုးစုများအကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများကို မိုင်းရှင်းလင်းခြင်းမပြုမီ ခိုင်ခိုင်မာမာ တည်ဆောက်ရန် လိုအပ်ကြောင်း ဝန်ကြီး ဦးအောင်မင်းက မိုင်းစောင့်ကြည့်ရေးအဖွဲ့ကို ၂၀၁၂ ခုနှစ် မေလတွင် ပြောဆိုခဲ့သည်။[42] အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အင်းအားစုများပါဝင်သော အစုအဖွဲ့ နှင့် လက်တလော ဆွေးနွေးမှုများအရ တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်

---

[40] Andreas Indregard နှင့် တွေ့ဆုံမေးမြန်းခြင်း။ ဘန်ကောက်။ ၁၂ ဧပြီ ၂၀၁၂၊ Aksel Steen-Nilsen တယ်လီဖုန်းအင်တာဗျူး။ Mine Action ပရိုဂရမ်မန်နေဂျာ၊ NPA၊ ၂၁ ဇွန် ၂၀၁၂။

[41] ဥပမာ နေသွင် ၏ "ဒုတိယကမ္ဘာစစ်အတွင်း ကျန်ရစ်ခဲ့သောပေါက်ကွဲပစ္စည်းများကြောင့် သုံးဦးသေ။" ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀ မတ် ၂၀၁၂။ "WWII bomb kills 7 in Arakan." ရေဝတီ၊ စက်တင်ဘာ ၁ ၂၀၁၁။ မင်းသားလေး၊ "မန္တလေးလုပ်သားများ ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးများ ရှာတွေ့။" Myanamr Times, Vol 23, No.455, ဇန် ၂၆ မှ ဖေ ၁ ၂၀၀၉.

[42] Monitor သည် သမ္မတရုံးဝန်ကြီးဦးအောင်မင်းနှင့် တွေ့ဆုံမေးမြန်းခြင်း။ နေပြည်တော်၊ မေ ၂၀၁၃

လက်မှတ်ရေးထိုးခြင်း မတိုင်ခင်အထိ မိုင်းအရေးဆောင်ရွက်မှု ဌာနအနေနှင့် အသက်ဝင် လည်ပတ်နိုင်ခြင်းမရှိဟု MPC က ထပ်ခါတလဲလဲ ပြောဆိုထားသည်။[43] ၂၀၁၅ ခုနှစ် အောက်တိုဘာလ တွင် တချို့အဖွဲ့အစည်းများနှင့် လက်မှတ်ထိုးပွဲ ဖြစ်ခဲ့သည်။[44] တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တွင် တိကျရှင်းလင်းသော တာဝန်ဝတ္တရားတစ်ခု ဖေါ်ပြထားသည်။ သို့သော် အချိန်တိတိကျကျ မရှိခြင်း နှင့် MMAC သို့မဟုတ် လက်တွေ့အသုံးချမည့် စံသတ်မှတ်ချက်များမှ တဆင့် ပူးပေါင်းဆောင်ရွက်မည်နှင့် ပတ်သက်၍လည်း ဖေါ်ပြထားခြင်း မရှိပေ။[45] (မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း မူဝါဒ အဖွင့်ကိုရှု)

## စံသတ်မှတ်ချက်များ

၂၀၁၃ ခုနှစ်တွင် MPC မှ အစိုးရကိုယ်စားလှယ်များ နှင့် လူသားချင်းစာနာမှုအရေး ဆောင်ရွက်နေသူများပါဝင်သော နည်းပညာအလုပ်အဖွဲ့တခုက အမျိုးသားရေး မိုင်းအရေး ဆောင်ရွက်မှု မဟာဗျူဟာ မူကြမ်းနှင့် အမျိုးသားရေးဆိုင်ရာ မိုင်းအရေးဆောင်ရွက်မှုစံသတ်မှတ်ချက်ဆိုင်ရာ မူကြမ်း များကို အပြီးသတ်ရေးဆွဲနိုင်ခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ မဟာဗျူဟာ နှင့် စံသတ်မှတ်ချက်များအပေါ် အစိုးရ၏ သဘောတူညီမှု မရရှိသေးပဲ MPC ၏ စဉ်းစားမှု အောက်တွင်ပင် ဆက်လက်ရှိနေသေးသည်ဟု ပြောဆိုမှုများ ရှိခဲ့သည်။ [46]

## လုပ်ငန်းအကောင်အထည်ဖေါ်ဆောင်ရွက်သူများ

နိုင်ငံတကာမိုင်းဖေါ်ခြင်း ဆောင်ရွက်သည့် အဖွဲ့အစည်းများဖြစ်ကြသော APOPO၊ DanChurch အကူ အညီ ပေးရေးအဖွဲ့(DCA)၊ ဒိန်းမတ်မိုင်းဖေါ်ခြင်းဆောင်ရွက်သူများအဖွဲ့ (DDG)၊ မိုင်းအရေးဆောင်ရွက် မှု ဆွစ်ဖောင်ဒေးရှင်း (FSD)၊ HALO Trust အဖွဲ့၊ မိုင်းအရေးအကြံပေးအဖွဲ့ (MAG)နှင့် NPA တို့သည် ၂၀၁၁ ခုနှစ်မှစ၍ ရန်ကုန်တွင် ရုံးခန်းများဖွင့်လှစ်ထားခဲ့ကြသော်လည်း ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက် နေ့အထိ လူသားချင်းစာနာသော မိုင်းရှင်းလင်းရေးလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက် မရသေးပေ။[47]

---

[43] ဥပမာ Dinmore, G ၏ "၃ နှစ်၊ မြေမြှုပ်မိုင်းတလုံးမှမရှင်းရသေး။" ကိုရှု။ မြန်မာတိုင်းမ်စ်။ ၁၄ ဖွန် ၂၀၁၄။ "NCA လက်မှတ်ထိုးပြီးနောက် မြေမြှုပ်မိုင်းစတင်ရှင်းလင်းမည်။ " အဲလဲဗင်းမြန်မာ။ ၁၀ စက်တင်ဘာ ၂၀၁၅။

[44] A. Slowdowski, "တိုင်းရင်းသား ၈ ဖွဲ့နှင့်မြန်မာအစိုးရလက်မှတ်ထိုး," Reuters, 15 October 2015.

[45] Mine Free Myanmar, "မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းနှင့် အမျိုးသားအပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်" 11 August 2015.

[46] နိုင်ငံတကာမိုင်းအရေးအေဂျင်စီ ဝန်ထမ်းမှ အီးမေး။ ရန်ကုန်၊ ၂၇ အောက်တိုဘာ ၂၀၁၄။

[47] Aksel Steen-Nilsen မှအီးမေး။ NPA, ရန်ကုန်, ၂၃ စက်တင်ဘာ ၂၀၁၄.

ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် ထိုင်းနိုင်ငံမိုင်းအရေးဆောင်ရွက်မှု ဌာနသည် မိုင်းရှာဖွေရေး စက်အသုံးပြုမှု၊ မိုင်းရှင်းလင်းခြင်းလုပ်ငန်းအဆင့်ဆင့် အကြောင်းအရာများပါဝင်သော သင်တန်းတခု ကို မြန်မာအရာရှိများအတွက် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ပြုလုပ်ပေးခဲ့သည်။ [48]

မိုင်းရှင်းလင်းခြင်း လုပ်ငန်းအဆင့်ဆင့်

မြန်မာနိုင်ငံတွင်အစိုးရက တရားဝင်အသိအမှတ်ပြုထားသော လူသားချင်းစာနာသော မိုင်း ရှင်းလင်း ခြင်း အဖွဲ့အစည်းများ၏ မိုင်းရှင်းလင်းခြင်းလုပ်ငန်း တစုံတရာမရှိသေးပေ။

၂၀၁၄ ခုနှစ်အတွင်း စစ်တမ်းကောက်ယူမှု

၂၀၁၄ ခုနှစ်တွင် အစိုးရ နှင့် မွန်ပြည်သစ်ပါတီတို့၏ သဘောတူညီချက်နှင့်အတူ NPA သည် မွန်ပြည် နယ်နှင့် ကရင်ပြည်နယ်များအတွင်းရှိ ရွာပေါင်း ၇၀ တွင် အချက်အလက်ကောက်ယူမှု စစ်တမ်း သုံးကြိမ် (NTS) ကို ဆောင်ရွက်ခဲ့သော်လည်း မိုင်းတည်ရှိမှုနှင့်ပတ်သက်၍ တစုံတရာ မတွေ့ခဲ့ရပေ။ စစ်တမ်းကောက်ယူခဲ့သော ကျေးရွာတချို့နှင့် နီးစပ်သော နေရာများတွင် မိုင်းများထောင်ထား သည်ဟု NPA ကို သတင်းပေးသော်လည်း NPA သည် ၎င်းနေရာများသို့ သွားရန် ခွင့်ပြုချက် မရခဲ့ပေ။ အနည်း ဆုံး လွန်ခဲ့သော ၁၀ နှစ်အတွင်း မိုင်းပေါက်ကွဲမှု ၇ ကြိမ်ဖြစ်ခဲ့သည်ဟု စစ်တမ်း ကောက်ယူသည့် အဖွဲ့က မှတ်တမ်းတင်ခဲ့သည်။[49]

ပထမအကြိမ် စစ်တမ်းကောက်ယူမှုနစ်ခုအား မွန်ပြည်နယ် ရေးမြို့နယ်အတွင်း ကျေးရွာ (၈) ရွာတွင် (ဇန်နဝါရီ ၇ မှ ဖေဖော်ဝါရီ ၈ အထိ)၊ မွန်ပြည်နယ် မုဒုံနှင့် သံဖြူဇရပ်မြို့များအတွင်းရှိ ကျေးရွာ ၉ ရွာ နှင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းရှိ ကျေးရွာ ၁၀ ရွာ (ဧပြီ ၂၄ မှ မေ ၂၁ အထိ) ဆောင်ရွက်ခဲ့ သည်။ တတိယအကြိမ် စစ်တမ်းကောက်ခြင်းအား ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ် စက်တင်ဘာလအထိ ဆက်လက်ဆောင်ရွက်နေဆဲ ဖြစ်သည်။ မွန်ပြည်နယ်ရေးမြို့နယ်အတွင်း ကျေးရွာ ၄၃ ရွာကို အဓိကထား ဆောင်ရွက်ခဲ့သည်။ ၎င်းစစ်တမ်းများက မည်သည့် မိုင်းနေရာကိုမှ တိတိကျကျ သတ်မှတ်ခဲ့ခြင်း မရှိပေ။

NPA သည် ကရင့်အမျိုးသားအစည်းအရုံး (KNU) ၏ တောင်းဆိုချက်ဖြင့် ၂၀၁၅ ခုနှစ် ဧပြီလတွင် နောက်ထပ် အချက်အလက်ကောက်ယူမှု စစ်တမ်း (NTS) ကို ဆောင်ရွက်ခဲ့သည်။ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်တွင် တကြိမ်၊ ကရင်ပြည်နယ် သံတောင်ကြီး မြို့နယ်တွင် သုံးကြိမ် ဆောင်ရွက် ခဲ့သော စစ်တမ်းကောက်ယူမှုများတွင်လည်း မိုင်းတည်ရှိမှုနှင့်ပတ်သက်၍ တစုံတရာ သတ်မှတ်ခဲ့ခြင်း

---

48 " နိုင်ငံခြားရေးဝန်ကြီးဌာနသည် ထိုင်းနှင့်မြန်မာအရာရှိများကို မြေမြှုပ်မိုင်းဆိုင်ရာလေ့ကျင့်သင်ကြားပေး။ ThaNational News Bureau of Thailand, ၈ စက်တင်ဘာ ၂၀၁၄..

49 Aksel Steen-Nilsen မှ အီးမေး၊ NPA, ရန်ကုန်, ၂၃ စက်တင်ဘာ ၂၀၁၄။

မရှိသော်လည်း လွန်ခဲ့သော ၂ နှစ်အတွင်း ၎င်းဒေသများတွင် မိုင်း ပေါက်ကွဲမှု ၂၄ ကြိမ် ဖြစ်ပွားခဲ့သည်ဟု မှတ်တမ်းတင်ခဲ့သည်။[50]

## ၂၀၁၅ ခုနှစ်အတွင်း မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ

မကြာသေးမီ နှစ်များအတွင်း တပ်မတော်၊ ကျေးရွာသားများနှင့် တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများက ကွက်ကြားကွက်ကြား မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်ဟူသော အစီရင်ခံမှုများ ရှိခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ကရင်မိုင်းအရေးဆောင်ရွက်မှု ဌာန (KMAC) သည် ကရင့်အမျိုးသား ကာကွယ်ရေးတပ်မှ သတ်မှတ်ပေးသော နယ်မြေနှစ်ခုတွင် စမ်းသပ်မှုတခုပြုလုပ်ခဲ့ပြီး မိုင်းများ၊ စစ်အတွင်း ကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများကို ရှင်းလင်းခဲ့သည်။ ၎င်းတို့သည် နိုင်ငံတကာ မိုင်းအရေးဆောင်ရွက်မှု စံသတ်မှတ်ချက်များကို မှီငြမ်းထားသော KMAC မိုင်းရှင်းလင်းရေးလက်စွဲ နှင့် ဒေသထုတ် စစ်ပစ္စည်းများကို အသုံးပြုခဲ့သည်။[51]

လွတ်လပ်သောမြန်မာနိုင်ငံရိန်းဂျာများအဖွဲ့ (FBR) သည် ၎င်း၏ ကယ်ဆယ်ရေးအဖွဲ့သစ်များအတွက် နှစ်စဉ်သင်တန်းအစီအစဉ်များတွင် မိုင်းအမျိုးအစားသတ်မှတ်ခြင်းနှင့် အရေးပေါ်မိုင်းရှင်းလင်းခြင်းလုပ်ထုံးလုပ်နည်းများကို သင်ကြားပေးသည့် အစီအစဉ်များ ထည့်သွင်းသည်။[52] ၎င်းတို့မစ်ရှင် ဆောင်ရွက်စဉ် မိုင်းများတွေ့ရှိပါက FBR ဝန်ထမ်းများကိုယ်တိုင် ဖယ်ရှားပြီး အစိုးရဆန့်ကျင်ဖက် အဖွဲ့အစည်းများသို့ လက်လွှဲပေးခဲ့ခြင်း သို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်းများကိုယ်တိုင် ဖယ်ရှားခြင်းများ ပြုလုပ်လေ့ရှိသည်။

၂၀၁၄ ခုနှစ်တွင် KIA သည် မန်စီမြို့နယ်အတွင်း အရပ်သားပြည်သူများနှင့် နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ပြည်သူများကို မြေမြှုပ်မိုင်းရှင်းရန်အတွက် အသုံးပြုခဲ့သည်ဟူသော အစီရင်ခံမှုများအပေါ် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်က စိုးရိမ်ချက်ကို ထုတ်ဖော်ပြောဆို ခဲ့သည်။[53]

## မိုင်းအန္တရာယ်ရှောင်ပါရေး ပညာပေးလုပ်ငန်းများ (RE)

---

50 Aksel Steen-Nilsen မှ အီးမေး၊ NPA, ရန်ကုန်, ၃ ဧပြီ ၂၀၁၅ နှင့် အီးမေး ၂၅ မေ ၂၀၁၅။

51 "ကရင်မိုင်းအရေးဆောင်ရွက်မှုဌာန (KMAC) မြေမြှုပ်မိုင်းရှင်းလင်းရေးပရောဂျက်။ KNDO၊," YouTube.com, 15 February 2015.

52 "အလုပ်အဖွဲ့အသစ်များသင်တန်းဆင်း။," Free Burma Rangers, ကရင်ပြည်နယ်, မြန်မာ, ၁၅ ဒီဇင်ဘာ ၂၀၁၄; နှင့် David Eubank မှ အီးမေး။ ထည်ထောင်သူ, Free Burma Rangers, ၂၆ အောက်တိုဘာ ၂၀၁၅။.

53 UNGA, "ကုလချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခ အစီရင်ခံစာ" A/69/926–S/2015/409, ၅ ဇွန် ၂၀၁၄, para. 140.

၂၀၁၅ ခုနှစ် ဧပြီလအထိ အနည်းဆုံး အဖွဲ့အစည်း ၉ ဖွဲ့သည် ကချင်၊ ကယား နှင့် ကရင်ပြည်နယ်များရှိ မြို့နယ် ၂၆ မြို့နယ်တွင် မိုင်းအန္တရာယ်ရှောင်ပါးရေးပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ရှမ်း၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး နှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် အနည်းအကျဉ်း ဆောင်ရွက်ခဲ့သည်။[54] ၂၀၁၅ ခုနှစ်တွင် UNICEF သည် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ အတွင်း DCA မှ ဆောင်ရွက်ခဲ့သည့် အသိပညာ၊ စိတ်သဘောထား နှင့် လက်တွေ့ကျင့်စဉ် (KAP) စစ်တမ်းမှ ရရှိသော အချက်အလက်များကို အခြေခံ၍ ၂ နှစ်တာ လုပ်ငန်းစဉ်အတွက် အမျိုးသားမိုင်းအန္တရာယ်ရှောင်ပါရေးပညာရေးလုပ်ငန်း မဟာဗျူဟာကို ချမှတ်ခဲ့သည်။ DCA သည် UNICEF မှ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ခဲ့သော စစ်တမ်းဖြစ်သည်။ ကယား၊ ကရင်၊ မွန်ပြည်နယ် အပြင် ပဲခူး နှင့် တနင်္သာရီတိုင်းဒေသကြီးများအတွင်းရှိ နမူနာယူရွေးချယ်ထားသော ရွာ ၃၀ တွင် စစ်တမ်းကောက်ယူခဲ့သည်။ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ စစ်တမ်း၏နောက်ဆုံးအစီရင်ခံစာ ထွက်ရှိခြင်း မရှိသေးပေ။ ၂၀၁၄ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့သော ကနဦးတွေ့ရှိချက်များအရ ဖြေဆိုသူ ၅၃ ရာခိုင်နှုန်းသည် ၎င်းတို့ကျေးရွာသို့မဟုတ် ရပ်ကွက်အနီးတဝိုက်တွင် ပေါက်ကွဲစေသောပစ္စည်းများရှိသည်ကို သိရှိကြောင်း နှင့် ၄၇ ရာခိုင်နှုန်းက ၎င်းပစ္စည်းများသည် ပြည်သူများ၏ နိစ္စဓူဝနေထိုင်မှုအတွက် ပြဿနာဖြစ်သည်ဟု ပြောဆိုခဲ့ကြောင်း တွေ့ရှိခဲ့သည်။ [55]

၂၀၁၂ ခုနှစ်တွင် လူမှုဖူလုံရေးဝန်ကြီးဌာနလက်အောက်တွင် မိုင်းအန္တရာယ်ရှောင်ရှားရေးပညာပေးရေး နိုင်ငံတော်အဆင့်နည်းပညာအလုပ်အဖွဲ့ကို တည်ထောင်ခဲ့သည်။ UNICEF မှ တာဝန်ခံ ဆောင်ရွက်သည်။ ခန့်မှန်းခြေ ဝန်ကြီးဌာန ၃၀၊ ကုလသမဂ္ဂ အေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့များသည် သုံးလတကြိမ် အစည်းအဝေးများသို့ တက်ရောက်ကြသည်။

ကမ္ဘာ့ ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ သတင်းစီမံခန့်ခွဲမှု အလုပ်အဖွဲ့တွင် မိုင်းအရေးဆောင်ရွက်မှုလုပ်ငန်း အစီအစဉ်များ အကောင်အထည်ဖော်နေသော အဖွဲ့ ၁၃ ဖွဲ့ ပါရှိသည်။ ၎င်းတို့အနက် ၉ ဖွဲ့မှာ မိုင်းအန္တရာယ်ရှောင်ရှားရေးပညာပေးလုပ်ငန်းများ လုပ်ဆောင်နေသည်။[56] ၎င်းတို့အနက်မှ ၄ ဖွဲ့သည် ပြေ မမြှုပ်မိုင်းစောင့်ကြည့်ကြပ်မတ်ရေးအဖွဲ့ထံမှ ေ မးခွန်းပုံစံတခုနှင့်ပတ်သက်၍ တုန့်ပြန်ချက်များ ေ ပးပို့ခဲ့ သည်။ ကက်သလစ်အကူအညီပေးရေးဝန်ဆောင်မှုများအဖွဲ့က ကရင်ပြည်နယ်အတွင်း အန္တရာယ် ေရှာင်ရှားရေး ပညာရေး အစီအစဉ်တခု ဖြုလုပ်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် DCA သည် ေရွှေ့ပြောင်း ဆရာ ဖြစ်သင်တန်းအစီအစဉ်ကို ကရင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းပေါင်း ၁၀၀၀ တွင်ပြုလုပ်ရာ မိုင်း အန္တရာယ်ရှောင်ရှားခြင်းပညာပေးအစီအစဉ်ကို ထဲ့သွင်းခဲ့သည်။ လူပေါင်း ၇၂၀၀၀ ေ ကျာ်ကို ပညာပေး နိ င်ခဲ့သည်။ DDG/ ဒိန်းမိတ်ဒုက္ခသည်ကောင်စီသည် ကချင် န င့် ကယားပြည်နယ်တခုစီ၏ မြို့နယ် ၆ ခု တွင် မိုင်းအန္တရာယ်ရှောင်ရှာရေးပညာပေးအစီအစဉ်များ ြပုလုပ်ပေးခဲ့သည်။ MAG သည် ကယား

54 "MIMU 3W - April 2015, နိုင်ငံအဂုမ်းမိတ်ဆက်," UN မြန်မာနိုင်ငံသတင်းစီမံခန့်ခွဲမှုယူနစ် (MIMU), April 2015.

55 "ဗဟုသုတ၊ သဘောထား & လက်တွေ့လုပ်ငန်း စစ်တမ်း: Impact of ြ မန်မာနိုင်ငံအရှေ့တောင်ဖက်ခြမ်း မြေမြုပ်မိုင်းနှင့်တခြားပေါက်ကွဲစေသောစစ်အတွင်းကြွင်းကျန်ရစ်သောပစ္စည်းများ၏ သတ်ရောက်မှုများ, First Findings, February 2013 – June 2014," DCA Knowledge, Attitude and Practice (KAP) team မှပေးပို့သည်။ ၄ ဇူလိုင် ၂၀၁၄။

56 "MIMU 3W - April 2015, နိုင်ငံအဂုမ်းမိတ်ဆက်," UN မြန်မာနိုင်ငံသတင်းစီမံခန့်ခွဲမှုယူနစ် (MIMU), April 2015.

ပြည်နယ်အတွင်းရှိ မြို့နယ် ၅ ၏ လူမှုအသိုင်းအဝန်း ၄၈ ခုတွင် မိုင်းအန္တရာယ်လျှော့ချရေး ပညာပေး အစီအစဉ်များ ပြုလုပ်ခဲ့သည်။ မိုင်းအရေးလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သော အဖွဲ့ အစည်း များသည် အန္တရာယ်လျှော့ချခြင်းပညာရေးအစီအစဉ်တွင် မိုင်းဒဏ်သင့်သူ အကူအညီပေး ခြင်း နှင့် တခြားဝန်ဆောင်မှုများ (MAG အစီအစဉ်တွင် မိုင်းဒဏ်သင့်သူ အကူအညီပေးမှုကို တခြား လုပ်ကိုင်ဖက် အဖွဲ့အစည်းတခုမှတဆင့် အကောင်အထည်ဖော်သည်။) များ ပေါင်းစပ်ထားသည်။[57]

အန္တရာယ်လျှော့ချရေးပညာပေးမှုအတွက် အရည်အသွေးထိန်းချုပ်မှု သို့မဟုတ် တရားဝင်အသိ အမှတ် ပြုမှု လုပ်ငန်းစဉ်မရှိသေးပေ။[58] အန္တရာယ်လျှော့ရေးပညာပေးအစီအစဉ် ဆောင်ရွက်သူများ သည် ၎င်းတို့၏ အန္တရာယ်လျှော့ချရေးသတင်းအချက်အလက်များ အသိပေးရန်အတွက် မည်သို့ သော ပေါက်ကွဲပစ္စည်းများဖြစ်သည်ကို အခြေခံပြီး ဆုံးဖြတ်ချက်ချရမည် ဖြစ်သည်။ သို့သော် ၎င်းလုပ်ငန်းနှင့် ပတ်သက်၍ အချက်အလက်ကောက်ယူမှု စစ်တမ်းပြုခွင့် ခွင့်ပြုချက် မရရှိသေးပေ။ မြန်မာနိုင်ငံတွင် ရှင်းလင်းသော လုပ်ငန်းများမရှိသေးသရွေ့ ဒေသခံလူမှုအသိုင်းအဝန်းမှ မိုင်း အန္တရာယ် လျှော့ချရေး ပညာပေးလုပ်ငန်းဆောင်ရွက်သူထံ မိုင်းရှင်းလင်းရေးတောင်းဆိုမှုများကို ဖြည့်ဆည်းပေးနိုင်မည် မဟုတ်ပေ။[59]

၂၀၁၄ ခုနှစ်တွင် မိုင်းအရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံကို အလှူရှင် ၆ နိုင်ငံက အလှူငွေ အမေရိကန်ဒေါ်လာ ၅.၇ သန်း လှူဒါန်းခဲ့သည်။ ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၇ ရာခိုင်နှုန်း လျော့ကျ ခဲ့သည်။[60] ဆွစ်ဇာလန် နှင့် အမေရိကန်ပြည်ထောင်စုသည် အန္တရာယ်လျှော့ချရေး ပညာပေး အစီအစဉ်နှင့် မိုင်းဒဏ်သင့်ခံရသူ အကူအညီအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅.၂ သန်း (စုစုပေါင်း အလှူငွေ၏ ၉၁ ရာခိုင်နှုန်း) ရှိခဲ့သဖြင့် အများဆုံးအလှူရှင်များ ဖြစ်ခဲ့သည်။

နိုင်ငံတကာအကူအညီများအားလုံး၏ အများစု (၉၄ ရာခိုင်နှုန်း) ကို ICRC နှင့် တခြား NGO များမှ တဆင့် အန္တရာယ်လျှော့ချရေးပညာပေးလုပ်ငန်း သို့မဟုတ် မိုင်းဒဏ်သင့်သူ အကူအညီပေးရေး အတွက် အသုံးပြုခဲ့သည်။[61]

---

57 Roger Fasth ၏ Landmine Monitor ၏ အန္တရာယ်လျှော့ချရေးပညာပေးမေးခွန်းပုံစံကို တုန့်ပြန်ပြောဆိုချက်။, Operations Manager, DRC/DDG, 14 August 2015; by Nay Myo Linn, Project Officer, CRS, 16 August 2015; by Kelly Tsanova, Project Manager, MAG, 22 August 2015; and by Bjarne Ussing, Country Director, DCA, 12 October 2015.

58 မြန်မာနိုင်ငံ မိုင်းအရေးဆောင်ရွက်မှု စံသတ်မှတ်ချက်များအတွင်း တရားဝင်အသိအမှတ်ပြုမှု စံသတ်မှတ်ချက်များ။ သို့သော်အာဏာပိုင်များ၏ သဘောတူညီချက်မရသေး။

59 Landmine Monitor ၏ အန္တရာယ်လျှော့ချရေးပညာပေးမေးခွန်းပုံစံကို တုန့်ပြန်ပြောဆိုသော အန္တရာယ်လျှော့ရေးပညာပေးသူတချို့က လူမှုအသိုင်းအဝန်းတချို့မှ မိုင်းရှင်းလင်းရေးအကူအညီတောင်းခံမှုများ ရှိသည်ဟု ပြောဆိုခဲ့သည်။

60 Jérôme Legrand မှ အီးမေး၊ မူဝါဒရေးရာအရာရှိ, Weapons of Mass Destruction, Conventional Weapons and Space Division (K1), European External Action Service (EEAS), ၁၁ဇွန် ၂၀၁၅။; ဂျာမဏီမိုင်းအသုံးပြုတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်၊ အခန်း၇ အစီရင်ခံစာ။ ပုံစံ J။ မတ် ၂၀၁၅။ အိုင်ယာလန် မိုင်းအသုံးပြုတားဆီးပိတ်ပင်ခြင်းသဘောတူစာချုပ်၊ အခန်း၇ အစီရင်ခံစာ။ ပုံစံ J။ ဇွန် ၂၀၁၅။ Owen Blackburn မှအီးမေး။ Humanitarian Unit, Department of Foreign Affairs and Trade, Irish Aid, ၅ ဇွန် ၂၀၁၅; Monitor မေးခွန်းပုံစံအပေါ် တုန့်ပြန်မှု Ingrid Schoyen, အကြီးတန်းအကြံပေး။ Section for Humanitarian Affairs။ နော်ဝေးနိုင်ငံခြားရေးဝန်ကြီးဌာန, ၁၈ မေ ၂၀၁၅; ထပ်ဆင့်ပေါက်ကွဲစေစစ်လက်နက်ပစ္စည်းများ ဆွစ်ဇာလန်သဘောတူညီချက်။ အခန်း ၇ အစီရင်ခံစာ။ပုံစံ J. ၂၉ ဧပြီ ၂၀၁၅ နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန။ "To Walk the Earth in Safety – 2015," 2 November 2015.

နိုင်ငံတကာအကူအညီပေးမှုများ -၂၀၁၄ ခုနှစ်[62]

| အလှူရှင် | ကဏ္ဍ | ပမာဏ (သက်ဆိုင်ရာနိုင်ငံများ၏ငွေကြေး) | ပမာဏ ($) |
|---|---|---|---|
| ဆွစ်ဇာလန် | အန္တရာယ်ရှောင်ရှားရေးပညာပေး ခြင်း နှင့် မိုင်းသင့်ဒဏ်အကူအညီ | CHF2,633,000 | 2,878,539 |
| အမေရိကန်ပြည်ထောင်စု | အန္တရာယ်ရှောင်ရှားရေးပညာပေး ခြင်း နှင့် မိုင်းသင့်ဒဏ်အကူအညီ | US$2,350,000 | 2,350,000 |
| နော်ဝေ | မိုင်းရှင်းလင်းခြင်း နှင့် စည်းရုံးတိုက်တွန်းခြင်း | NOK1,294,000 | 205,498 |
| ဂျာမဏီ | မိုင်းသင့်ဒဏ်အကူအညီ | €105,059 | 139,696 |
| အိုင်ယာလန် | မိုင်းရှင်းလင်းခြင်း နှင့် အန္တရာယ်ရှောင်ရှားရေးပညာပေး ခြင်း | €100,000 | 132,970 |
| ဥရောပသမဂ္ဂ | အန္တရာယ်ရှောင်ရှားရေးပညာပေး ခြင်း | €12,940 | 17,206 |
| စုစုပေါင်း | | | **5,723,910** |

၂၀၁၀ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ပေးသော နိုင်ငံတကာအကူအညီများသည် အတက်အကျ သိသိသာသာ တွေ့ရသည်။ ၂၀၁၀ ခုနှစ်တွင် ၃၆၃၉၃ ဒေါ်လာအနိမ့်ဆုံးရှိခဲ့ပြီး ၂၀၁၂ တွင် ဒေါ်လာ ၈.၅ သန်း အထိ မြင့်မားခဲ့သည်။

နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှု အကျဉ်းချုပ် - ၂၀၁၀ မှ ၂၀၁၄ အထိ[63]

| နှစ် | နိုင်ငံတကာအကူအညီများ ($) | နှစ် | နိုင်ငံတကာအကူအညီများ ($) |
|---|---|---|---|
| ၂၀၁၄ | ၅,၇၂၃,၉၁၀ | ၂၀၁၁ | ၆၇၄,၃၆၈ |

61 ကက်သလစ်ကယ်ဆယ်ရေးဝန်ဆောင်မှု၊ DanChurchAid (DCA နှင့် မိုင်းဆိုင်ရာအကြံပေးအဖွဲ့ (MAG)သည် ၂၀၁၄ ခုနှစ်အတွင်း အန္တရာယ်ရှောင်ရှားရေးပညာရေးပရောဂျက်များအတွက် ၎င်းတို့ကိုယ်ပိုင်ဘဏ္ဍာငွေ (စုစုပေါင်းဒေါ်လာ၂၄၀၀၀) ခန့် အသုံးပြုခဲ့သည်ဟု ဆိုသည်။ UNICEF သည် မိုင်းအန္တရာယ်ရှောင်ရှားရေးပညာရေးနှင့် မိုင်းဒဏ်သင့်အကူအညီပေးခြင်းပရောဂျက်များအတွက် ငွေ ထောက်ပံ့ပေးခဲ့သည်။ ထောက်ပံ့ငွေ အတိအကျ မသိရပေ။ ကက်သလစ်ကယ်ဆယ်ရေးဝန်ဆောင်မှု၊ DCA နှင့် MAG တို့သည် Landmine Monitor၏ ၂၀၁၅ခုနှစ် မိုင်းအန္တရာယ် ရှောင်ရှားရေး မေးခွန်းပုံစံများအပေါ် ပြန်လည်ဆွေးနွေးမှုများ။

62 ၂၀၁၄ခုနှစ်အတွက် ဖလှယ်နှုန်းငွေလဲနှုန်း: €1=US$1.3297; NOK6.2969=US$1; CHF0.9147=US$1. US Federal Reserve, "List of Exchange Rates (Annual)," 2 January 2015.

63 Monitor အစီရင်ခံစာအဟောင်းများကိုကြည့်။

| | | | |
|---|---|---|---|
| ၂၀၁၃ | ၇,၈၉ ၂,၃၂၆ | ၂၀၁၀ | ၃၆,၃၉၃ |
| ၂၀၁၂ | ၈,၅၀၃,၇၅၆ | စုစုပေါင်း | ၂၂,၈၃၀,၇၅၃ |

## ထိခိုက်ဒဏ်ရာရမှု

ထိခိုက်ဒဏ်ရာရမှု အကျဉ်းချုပ်

| | |
|---|---|
| ၂၀၁၄ ခုနှစ်ကုန်အထိ စုဆောင်းမိသမျှ ထိခိုက် ဒဏ်ရာစာရင်း | ၃၇၄၅ ဦး (၃၈၉ သေဆုံး၊ ၃၁၄၅ ဒဏ်ရာ၊ ၂၀၄ မသိရ) ၁၉၉၉ ခုနှစ်မှစ၍။ |
| ၂၀၁၄ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရ စာရင်း | ၂၅၁ ဦး (၂၀၁၃ ခုနှစ်။ ၁၄၅ ဦး) |
| ၂၀၁၄ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာမှ အသေးစိတ် | ၄၅ ဦး သေဆုံး၊ ၂၀၆ ဦးဒဏ်ရာ၊ (၂၀၁၃ ခုနှစ် ၂၀၃ ဦးသေ၊ ၁၁၀ ဦးဒဏ်ရာ၊ ၃ ဦးမသိရ။) |
| ၂၀၁၄ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရ စေသော မိုင်းအမျိုးအစားများ | လူသတ်မိုင်း၊ လက်လုပ်မိုင်း (IEDs) ၁၀၀၊ ကားမိုင်း ၄ အမျိုးအစား မသိ ၁၄၇။ |

၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အနည်းဆုံးမိုင်းအသစ်

နိုင်ငံပိုင်နှင့် လွတ်လပ်သော သတင်းမီဒီယာအစီရင်ခံစာများ၊ အန်ဂျီအိုများနှင့် တခြားအဖွဲ့ အစည်းများမှ ပေးပို့သော သတင်းအချက်အလက်များအရ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုင်း/ စစ်အတွင်း ကျန်ရစ်သော အကြွင်းအကျန် များ (ERW) ကြောင့် ထိခိုက်မှု အသစ် ၂၅၁ ခု အနည်းဆုံး ရှိခဲ့သည်။[64] ထိခိုက်ဒဏ်ရာရသူအများစုမှာ အမျိုးသားများဖြစ်ကြပြီး အနည်းဆုံး ၁၀ ဦးမှာ ယောကျာ်းကလေးများ ဖြစ်ကြသည်။ ထို့အနက် ၁၇ ဦးမှာ အမျိုးသမီးများဖြစ်ပြီး ၂ ဦးမှာ မိန်းကလေးငယ်များ ဖြစ်ကြသည်။ [65]

[64] ၂၀၁၄ ခုနှစ်အတွက် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ကောက်ယူရရှိသောအချက်အလက်များသည် ထုတ်ပြန်ပြီးသားနှင့် မထုတ်ပြန်ရသေးသော သတင်းအရင်းအမြစ်များထံမှ စုဆောင်းဖေါ်ပြခြင်း ဖြစ်သည်။ မထုတ်ပြန်ရသေးသော သတင်းအချက်အလက်များကို ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ထံမှ ရသည်။ ၂၀၁၄ ခုနှစ် ဇူလိုင်မှ ၂၀၁၅ ဇူလိုင်အထိ မြေမြှုပ်မိုင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ရရှိသော သတင်းအချက်အလက်များ။ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွက် မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအဖွဲ့အတွက် စုဆောင်းချက်များနှင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလ မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးအစီရင်ခံစာအတွက် KHRG မှ တင်ပြချက်များ။" Nuengruethai Plaenglakkhana မှ အီးမေး၊ ကွင်းဆင်းအရာရှိ၊ ICRC ချင်းမိုင်၊ ၁၂ ဖေဖေါ်ဝါရီ ၂၀၁၅ နှင့် UNHCR မှ ပေးသောကိန်းဂဏန်းများ၊ ရန်ကုန်၊ ၁၆ ဇွန် ၂၀၁၅ နှင့် the Danish Demining Group, ရန်ကုန်၊ ၁၆ ဩဂုတ် ၂၀၁၅။ အပြင်သို့ထုတ်ပြန်ပြီးသား သတင်းအချက်အလက်များတွင် နယ်လှည့်ကျောပိုးအိတ်ကျန်းမာရေးလုပ်သားများအဖွဲ့၊ နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ခုနှစ်၊ ၁၆ မေ ၂၀၁၅။ စာ ၁၁ နှင့် နော်ဝေပြည်သူလူထုအကူအညီ "၂၀၁၄ ခုနှစ် မြေမြှုပ်မိုင်းသင့်ပြည်သူများ အချက်အလက်။" မြေပုံ။ ကချင်သတင်းစဉ်မှ မီဒီယာပေးပို့ချက်များကို နှစ်စဉ် ကောက်နှုတ်ခြင်း။

ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းအရေအတွက်သည် ဒီထက်မက မြင့်မားစွာရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုင်းအရေးဆောင်ရွက်သော အဖွဲ့အစည်းများအရေအတွက် နှင့် မိုင်းဒဏ်သင့်သူများ အကူအညီပေးရေး အစီအစဉ်များ ပိုရှိ၊ ပိုများလာနေသော်လည်း ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ထိခိုက်ဒဏ်ရာရမှု နှင့် ပတ်သက်သော အချက်အလက် စနစ်တကျ စုစည်းထားမှုမရှိခဲ့ပေ။ တရားဝင်အချက်အလက်ကောက်ယူသော လုပ်ငန်းယန္တရားမရှိခြင်း၊ အခြေခံအစီရင်ခံရေးသားခြင်းပုံစံ သို့မဟုတ် အချက်အလက် ဖလှယ်ခြင်းနည်းလမ်း မရှိခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်းအဖွဲ့သို့ မတူညီသော သတင်းအရင်း အမြစ်မှ နှစ်စဉ်အချက်အလက်များ ရရှိသောကြောင့် အစီရင်ခံမှုသည် တတိုင်းပြည်လုံးတွင် ဖြစ်ပေါ်ခဲ့သော မိုင်း နှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် သေဆုံးထိခိုက် ဒဏ်ရာရမှု အပြည့်အစုံကို ထင်ဟပ်ခြင်းမရှိဟု ယုံကြည်ရသည်။[66]

မကြာသေးခင်နှစ်များအတွင်း ထိခိုက်ဒဏ်ရာရမှု ပိုများလာသော ကချင်ပြည်နယ်တွင် တိုက်ပွဲများသည် ၂၀၁၁ - ၂၀၁၂ နှင့်ယှဉ်ပါက ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် တိုက်ပွဲဖြစ်ပွားမှု လျှော့နည်းခဲ့သည်ဟု ဒိန်းမတ်မိုင်းရှာဖွေခြင်းအဖွဲ့/ ဒိန်းမတ်ဒုက္ခသည်ကောင်စီ (DDG/DRC)က ပြောဆိုခဲ့သည်။ သို့သော်လည်း အစီရင်ခံစာရေးသားသည့် အချိန်ကာလ နှောင်းပိုင်းတွင် ၎င်းဒေသအတွင်း မြေမြှုပ်မိုင်းနှင့် ပတ်သက်ပြီး အစီရင်ခံမှုများ ပိုရှိခဲ့သည်။ ထိုကဲ့သို့ တိုးများလာရသည့်အကြောင်းရင်းကို တိတိကျကျ မသိခဲ့ရပေ။ သို့သော် DDG/DRC မှ အရွယ်အစားအရသေးငယ်သော၊ လုံခြုံမှု မတည်ငြိမ်သော ဒေသတခုတွင် ကောက်ယူရရှိခဲ့သော အချက်အလက်များအရ ထိခိုက်ဒဏ်ရာရမှုများအနက် ထက်ဝက်မှာ မိုင်းရှိရာဒေသသို့ ပြန်သွားကောင်း ပြန်သွားကြနိုင်သည့် နိုင်ငံတွင်း အိုးအိမ်မဲ့ နေထိုင်သူ ပြည်သူများ (IDP)များ ဖြစ်သည်။[67]

ယခင်နှစ်များကဲ့သို့ပင် အနာဂါတ်လားရာများကို ဖေါ်ထုတ်ရန် သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု သတင်း အချက်အလက် အသေးစိတ်များကို မူရင်းသတင်းအမြစ်က မှန်မှန်ကန်ကန် မှတ်တမ်းတင် ခြင်းရှိမရှိ သတ်မှတ်ရန်အတွက် လက်ခံရရှိသည့် အချက်အလက်များသည် ပြည့်စုံခြင်းမရှိပေ။ လက်တွေ့တွင် ထိခိုက် ဒဏ်ရာရမှု အရေအတွက်သည် ပိုများနိုင်သည်။ ၂၀၁၄ ခုနှစ်တွင် Mnitor မှ မှတ်တမ်းတင်ခဲ့သော ထိခိုက်ဒဏ်ရာရမှု အရေအတွက်သည် ၂၀၁၃ ခုနှစ် နှင့် ၂၀၁၂ ခုနှစ် နှစ်ခုပေါင်းထက် ပိုမြင့်မားသည်။ သို့သော် ၂၀၁၁ ခုနှစ်တွင် ၃၈၁ ဦးရှိသဖြင့် ထိုထက်နည်းသည်။ မြန်မာနိုင်ငံဆိုင်ရာ ထိခိုက်ဒဏ်ရာရမှု အချက်အလက်များသည် ရနိုင်သမျှ သတင်းအရင်းအမြစ်များထံမှ သတင်းများကို စုစည်းတင်ပြခြင်း ဖြစ်သည်။[68] ၂၀၁၃ ခုနှစ်အတွက် ထိခိုက်ဒဏ်ရာရမှု ဦးရေနည်းပါးမှုနှင့် ပတ်သက်၍ DDG က သုံးသပ်သည်မှာ "၂၀၁၃ ခုနှစ်တွင် မြေမြှုပ်မိုင်းထိသူပေါင်း ၁၀၀ ဦးထက် အလွန်များပြားသည်။" ဟု ဆိုသည်။[69] ၂၀၁၅ ခုစ် စက်တင်ဘာလတွင် ၂၀၁၃ ခုနှစ်အတွင်း နောက်ထပ် (၄၄) ဦး (သုံးဦးသေ။ ၄၁ ဦး ဒဏ်ရာ) ရှိခဲ့သည်ဟု အစီရင်ခံခဲ့သဖြင့် ထိုနှစ်အတွက်

---

[65] ၁၃ ဦးထိခိုက်၊ အမျိုးသား အမျိုးသမီးမှန်း သေချာ ခွဲခြားရန် မသိရ။

[66], Roger Fasth နှင့် Pascal Simon (Danish Demining Group) ကိုကြည့်။ "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

[67] Ibid.

[68] It အချက်အလက်များသည် ထပ်ကောင်းထပ်နေနိုင်သည်။ သို့သော်ရရှိသော အချိန်အကန့်အသတ်ကြောင့် စစ်ဆေးရန် မဖြစ်နိုင်ပေ။.

ထိခိုက်ဒဏ်ရာရမှုသည် ၁၄၅ ဦးဖြစ်ခဲ့သည်။ ထိုအရေအတွက်သည် လက်တွေ့ထက် အလွန်နည်းနေသေးသည်ဟု ယုံကြည်ရဆဲဖြစ်သည်။ Motinor မှ ယခင် အစီရင်ခံမှုများတွင် စစ်ဖက် ထိခိုက်ဒဏ်ရာရမှု အရေအတွက် ကြီးကြီးမားမားရှိသည်ကို ညွှန်ပြသည်။ သို့သော် ၎င်း မှတ်တမ်းများကို ပြည်သူလူထု အလွယ်တကူ မရနိုင်ပေ။[70]

၂၀၁၄ ခုနှစ်တွင် မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သောပေါက်ကွဲစေသောပစ္စည်းများသည် တိုင်းဒေသကြီး/ပြည်နယ်များ ၁၄ ခုအနက် ခန့်မှန်းခြေ ၁၀ ခုတွင် စိုးရိမ်ဖွယ် ဖြစ်နေသေးသည်။[71] ထိခိုက်ဒဏ်ရာရမှုအများဆုံးဖြစ်သော မိုင်းအမျိုးအစားမှာ လူသတ်မိုင်းများအဖြစ် မှတ်တမ်းတင်ခဲ့သည်။ လက်လုပ်တိုက်မိုင်းများ သို့မဟုတ် လက်လုပ်လူသတ်မိုင်းများသည် ထိခိုက်ဒဏ်ရာရမှုဖြစ်စေသော မိုင်းအမျိုးအနက်ပါဝင်သော မိုင်းများဖြစ်သည်ဟု ဒေ ဒသခံအန္တရာယ်ရှောင်ရှားရေးပညာပေးသူများ အစီရင်ခံစာ တင်ခဲ့သည်။ မိုင်းနှင့် လက်လုပ်တိုက်မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့သူများသည် တိုက်မိုင်း အမျိုးအစားနှင့်ပတ်သက်၍ အမျိုးအစားခွဲခြားနိုင်ခြင်းမရှိသဖြင့် အမျိုးအစားများကို မှတ်တမ်းတင် နိုင်ခဲ့ခြင်းမရှိပေ။[72]

မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းကိန်းဂဏန်းကို မသိရနိုင်ပေ။ ၁၉၉၉ ခုနှစ်မှစ၍ ၂၀၁၄ ခုနှစ် နှစ်ကုန်အထိ ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၃၇၄၅ ဦး (၃၉၆ ဦးသေဆုံး၊ ၃၁၄၅ ဦး ဒဏ်ရာ၊ ၂၀၄ ဦး မသိရ။) ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ Monitor က အစီရင်ခံခဲ့သည်။

လူသားထိခိုက်ဒဏ်ရာရမှုများအပြင် ရွာများတွင် မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များ၊ ဆင်များလည်း မြေမြှုပ်မိုင်း ဒဏ်ခံခဲ့ရသည်။ တရားမဝင်နယ်စပ်ဖြတ်ကျော် သစ်ထုတ်လုပ်ရေးများတွင် အသုံးပြုသော ဆင်အများစု သေဆုံးခဲ့ပြီး၊ တချို့ဒဏ်ရာရခဲ့သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနယ်စပ်အနီး ထောင်ထားသော မိုင်းတစ်လုံးကြောင့် ဆင်တစ်ကောင် ဒဏ်ရာရခဲ့သည်။[73]

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီ

---

69 DDG, "မိမိတို့ လုပ်ငန်းဆောင်ရွက်သောနေရာ: မြန်မာနိုင်ငံ" ရက်စွဲမသိရ။

70 စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထုတ်ပြန်သော ၂၀၀၉ ခုနှစ် မြန်မာနိုင်ငံအစီရင်ခံစာအား Monitor ဝက်ဆိုဒ်တွင် ကြည့်ပါ။ နိုင်ငံတော်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ထံမှ ၂၀၀၈ ခုနှစ်အတွင်း စစ်ဖက်ဆိုင်ရာ ထိခိုက်သေဆုံးမှုနှင့်ပတ်သက်၍ မကြံ့စဖူးသတင်းများစွာ ရရှိခဲ့သည်။ စစ်ဖက်ဆိုင်ရာထိခိုက်မှု ၅၀၈ ဦး ရှိခဲ့သည်ဟု သိခဲ့ရသည်။ သို့သော် နောက်နှစ်များတွင် မရတော့ပေ။

71 ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃ ခုနှစ်" Geneva, May 2014, p. 291.

72 "သေမင်းတမန်မြေ။ မြန်မာနိုင်ငံခံစားနေရသော မြေမြှုပ်မိုင်းရင်နင့်ဖွယ်။" Burma News International, 11 June 2011။ အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များထံမှ စက်ရုံထုတ်မိုင်းများ သိမ်းဆည်းရမိ။ "ကမ္ဘာ သက်တမ်းအရှည်ဆုံးစစ်ပွဲ" Aljazeera, 10 August 2011.

73 "ထိုင်းမြန်မာနယ်စပ်တွင် မြေမြှုပ်မိုင်းကြောင့် ဆင်တကောင်ဒဏ်ရာရ။," ကောက်ဆွပ်, ၁၄ ဒီဇင်ဘာ ၂၀၁၅။

၁၉၉၉ ခုနှစ်မှစ၍ စောင့်ကြည့်လေ့လာရေးအဖွဲ့က မှတ်တမ်းတင်ခဲ့သူ မိုင်းကြောင့်အသက်ရှင်ကျန်ရစ်သူ အနည်းဆုံး ၃၁၄၅ ဦး ရှိသည်။ သို့သော် လက်တွေ့ကိန်းဂဏန်း၏ အစိတ်အပိုင်း အနည်းငယ်သာ ဖြစ်သည်ဟု ယုံကြည်ရသည်။ မိုင်းကင်းစင်ရေးမြန်မာ အဖွဲ့က ၄ သောင်းထက်မက ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။[74]

## ၂၀၁၄ ခုနှစ်အတွင်း မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီရနိုင်မှု

၂၀၁၄ ခုနှစ်တွင် မိုင်းကြောင့် အသက်ရှင်ကျန်ရစ်ခဲ့သူများအတွက် ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် ဝင်ငွေရ ဝန်ဆောင်မှုများသည် မြန်မာနိုင်ငံတွင် ပိုမြင့်မားခဲ့သည်။ မြန်မာနိုင်ငံအစိုးရနှင့် သဘောတူညီချက်ရယူပြီးနောက် ICRC သည် အစိုးရဦးစီးသော ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများကို ထောက်ပံ့ပေးခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန နှင့် ICRC သည် ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ် နှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့များတွင် ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေး ဌာန အသစ် ၂ ခု တည်ထောင်ရန် သဘောတူခဲ့သည်။ [75]

မိုင်းအရေးဆောင်ရွက်သူများသည် မိုင်းဒဏ်သင့်သူများအကူအညီပေးခြင်း ကဏ္ဍအားလုံးတွင် အကူအညီပေးခြင်း၊ အစီအစဉ်ရေးဆွဲခြင်း နှင့် စီစဉ်ခြင်းများတွင် ပါဝင်ခဲ့သည်။

## မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီလိုအပ်ချက်အား လေ့လာမှု

၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် DDG/DRC သည် "မြေမြှုပ်မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသည့်ပစ္စည်းများ၏ ထိခိုက်ခံရသူများဆိုင်ရာ စစ်တမ်း" တခုကို ကချင်ပြည်နယ် နှင့် ကယားပြည်နယ်တွင် ဆောင်ရွက်ခဲ့သည်။ လိုအပ်ချက်လေ့လာမှုနှင့် အနာဂါတ်လုပ်ငန်းများအတွက် ဖြစ်နိုင်ချေ အခွင့်အလန်းများအပေါ် ပြန်လည်သုံးသပ်ချက်များပါ ထည့်သွင်းခဲ့သည်။ DDG/DRC သည် အသက်ရှင်ကျန်ရစ်သူများ နှင့် မိုင်းဒဏ်သင့်ပြည်သူများ အကူအညီပေးမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းကောက်ယူခဲ့သော စစ်တမ်းအရ အဓိကအလိုအပ်ဆုံးတွင် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ အသက်မွေးဝမ်းကြောင်းမှု အကူအညီ နှင့် လူမှု စီးပွားပြန်လည်ပေါင်းစုခြင်း အကူအညီများ ပါဝင်သည်။ မိုင်းဒဏ်သင့်ပြည်သူများ အကူအညီပေးမှုကို ပိုမိုကျယ်ပြန့်သော မသန်စွမ်းအကူအညီပေးရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးကဏ္ဍတွင် ထည့်ပေးရန် လိုအပ်ကြောင်း ၎င်းတို့ တွေ့ရှိခဲ့သည်။ ရေရှည်ဖြစ်ရန်လည်း လိုအပ်သည်။ DDG သည် အောက်ဖော်ပြပါအတိုင်း အကြံပြုချက်များပေးခဲ့သည်။[76]

---

[74] Yeshua Moser-Puangsuwan မှအီးမေး။ မိုင်းကင်းစင်ရေးမြန်မာနိုင်ငံ။ ၂၆ စက်တင်ဘာ ၂၀၁၄။

[75] ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ခုနှစ်" Geneva, 2015, p. 288.

[76] Roger Fasth နှင့် Pascal Simon (ဒိန်းမတ်မိုင်းဖော်ရေးအဖွဲ့), "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှုဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

- သတင်းအချက်အလက်မျှဝေခြင်းနှင့် စီမံရေးဆွဲခြင်း ရည်မှန်းချက်အတွက် ရိုးစင်းသော၊ ယာယီ မိုင်းဒဏ်သင့်ပြည်သူ သတင်းအချက်အလက် စနစ်တခု ဖန်တီးရန်။
- အရေးပေါ် မိုင်းဒဏ်သင့်ပြည်သူအကူအညီ ထောက်ပံ့ပေးခြင်း။
- ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုများ အသုံးပြုနိုင်ရန် ကူညီပေးခြင်း။
- တနိုင်တပိုင်အကူအညီပေးခြင်းအဖွဲ့များ၊ လူထုအချင်းချင်းအကူအညီပေးခြင်း ဝန်ဆောင်မှုများနှင့် မသန်စွမ်းအကူအညီပေးခြင်း အရင်းအမြစ်ဌာနများမှတဆင့် စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့များ တိုးမြှင့်ပေးခြင်း။
- လူမှုစီးပွားရေးပြန်လည်ပေါင်းစပ်ခြင်း လုပ်ငန်းများကို အထောက်အပံ့ပေးရန် ၎င်းကွန်ယက်များ နှင့် ဆောင်ရွက်ခြင်း။
- လူမှုအသိုင်းအဝန်းများ၊ မသန်စွမ်းအရေးဆောင်ရွက်သူ အဖွဲ့အစည်း ကွန်ယက်များမှတဆင့် မသန်းစွမ်းသူများ၊ မြေမြှုပ်မိုင်းအသက်ရှင်ကျန်ရစ်သူများကို ရေရှည်ခံ လူမှုစီးပွားပြန်လည် ပေါင်းစည်းခြင်း အကူအညီများ အကောင်အထည်ဖေါ်ခြင်း နှင့် ပေါင်းစပ်ပေးခြင်း။
- အသက်မွေးကြောင်းသင်တန်းများပေးခြင်း နှင့် ရေရှည် လူမှုစီးပွားရေး အထောက်အပံ့များ ပေးခြင်း
- စီးပွားရေးဝန်ဆောင်မှုအကူအညီများ စနစ်တကျပေးခြင်း နှင့် အသက်ရှင်ကျန်ရစ်ခဲ့သူများ၏ ကလေးငယ်များ၏ ပညာရေးလိုအပ်ချက်အတွက် ထောက်ပံ့ပေးခြင်း

မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု

မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီပေးရေးနည်းပညာအဖွဲ့ တဖွဲ့ကို Handicap International အဖွဲ့၏ အကူအညီဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာတွင် တည်ထောင်ခဲ့သည်။ ၁၇ ဦး ပါဝင်သော ၎င်း အလုပ်အဖွဲ့သည် ရန်ကုန်တွင် လစဉ် တွေ့ဆုံကြသည်။ မိုင်းဒဏ်သင့်ပြည်သူများ အတွက် အကူအညီပေးရေးနည်းပညာအဖွဲ့သည် အမျိုးသားအဆင့် မိုင်းအန္တရာယ်ရှောင်ရှားရေး ပညာပေးမှု အလုပ်အဖွဲ့၏ အလုပ်ခွဲတစ်ခုဖြစ်ပြီး ၂၀၁၅ - ၂၀၁၆ ခုနှစ် မိုင်းအန္တရာယ်ရှောင်ရှားရေး အမျိုးသား စီမံကိန်းအဆင့် မဟာဗျူဟာပါ အကူအညီပေးရေးကဏ္ဍကို ဖွင့်ဆိုရန် တာဝန်ပေး ခံထား ရသော အဖွဲ့ဖြစ်သည်။ တည်ထောင်သည့်အချိန်မှစ၍ မိုင်းသင့်ပြည်သူအကူအညီပေးခြင်း လုပ်ငန်း အကောင်အထည်ဖေါ်ခြင်း စောင့်ကြည့်ကြပ်မတ်ခြင်း နှင့် အကူအညီပေးခြင်းအကြောင်း အရာများ ဆိုင်ရာသတင်းအချက်အလက်များ မျှဝေပေးသည်။ မိုင်းအန္တရာယ်ရှောင်ရှားရေး ပညာပေးရေး အလုပ်အဖွဲ့ နှင့် မသန်စွမ်းသူများအခွင့်အရေး ဆောင်ရွက်သူများအကြား ကြားခံပေါင်းကူး ပေးသည်။ မိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီပေးရေးနည်းပညာအဖွဲ့ဝင်များတွင် နိုင်ငံတကာ NGO များ၊ နိုင်ငံတွင်း NGO များ၊ ကုလသမဂ္ဂ၊ ICRC၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) အပြင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီများ ပါဝင်သည်။[77] ၂၀၁၄ ခုနှစ်တွင် မိုင်းဒဏ်သင့်ပြည်သူများ အတွက် အကူအညီတာဝန်ခံဆောင်ရွက်မှု အစိုးရ ယန္တရား မရှိသေးပေ။

---

[77] Yann Faivre မှ အီးမေး။ ဌာနေ ဒါရိုက်တာ။, Handicap International (HI), ၂၇ အောက်တိုဘာ ၂၀၁၅; နှင့် "HI Victim Assistance Initiative in Myanmar," Yann Faivre မှ တင်ပြဆွေးနွေးချက်။ ဘန်ကောက်, ၁၅ ဇွန် ၂၀၁၅

၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ကောင်စီကို ဖွဲ့စည်းကြောင်း ကြေငြာခဲ့သည်။ "မသန်စွမ်းသူများကို ကာကွယ်ပေးသော ဥပဒေပြဌာန်းရန် နှင့် CRPD (မသန်စွမ်းသူများအခွင့် အရေးဆိုင်ရာသဘောတူစာချုပ်) ကို အကောင်အထည်ဖော်ရန်" ကို ၎င်းအဖွဲ့မှ ဦးတည် လုပ်ဆောင် မည်ဟု ကောင်စီဝင်တစ်ဦးက ပြောဆိုခဲ့သည်။[78] လူမှုဖူလုံရေး၊ ကူညီကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ လူမှုဖူလုံရေးဌာနသည် လူထုအခြေပြု ပြန်လည် ပြုစုပျိုးထောင်ရေးလုပ်ငန်းအတွက် တာဝန်ရှိပြီး ကာကွယ်ဟန့်တားခြင်း၊ အကာအကွယ်ပေးခြင်း နှင့် ပြန်လည်ပျိုးထောင်ခြင်းနည်းလမ်းများမှဆင့် လူမှုဖူလုံရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန် တာဝန် ရှိသည်။[79]

ရုပ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ရေး တာဝန်ခံဆောင်ရွက်မှုတွင် အင်စတီကျူးရှင်းများစွာ ပါဝင်ခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကြက်ခြေနီအသင်းတို့သည် ခြေတုလက်တုများ ထောက်ပံ့ပေးခြင်း အခန်းကဏ္ဍတွင် ပါဝင်ခဲ့ကြသည်။[80] ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တွင် ICRC သည် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဌာနနှင့် နှစ်ဖက် အစည်းအဝေးများ ပြုလုပ်ခဲ့ပြီး တရားဝင်တာဝန်ခံမှုအဖွဲ့တခု ဖွဲ့စည်းမည့်အရေး ဆွေးနွေးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့သော ခြေတု၊ လက်တုဆိုင်ရာ ဆွေးနွေးပွဲ၏ နောက်ဆက်တွဲ လုပ်ငန်း ဖြစ်သည်။[81] ၂၀၁၅ ခုနှစ်တွင် ICRC သည် မိုင်းဒဏ်သင့်ပြည်သူများ အကူအညီ နည်းပညာအလုပ်အဖွဲ့အတွင်း ခြေတုလက်တု အမျိုးသားရေးစံသတ်မှတ်ချက်အဖြစ် သတ်မှတ်နိုင်ရေး အားထုတ်မှုတခုကို ဦးဆောင်ခဲ့သည်။ [82]

မိုင်းဒဏ်သင့်ပြည်သူအကူအညီပေးခြင်း လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း နှင့် လုပ်ငန်း ဆောင်ရွက်မှုများတွင် အသက်ရှင်ကျန်ရစ်သူများ ပါဝင်မှုကို ၂၀၁၄ ခုနှစ်တွင် မတွေ့ရှိခဲ့ရပါ။

ဝန်ဆောင်မှုအသုံးပြုနိုင်မှု နှင့် ထိရောက်မှု/ထိခိုက်နစ်နာသူများအတွက် အကူအညီပေးခြင်းလုပ်ငန်း[83]

| အဖွဲ့အစည်းအမည် | အဖွဲ့အစည်း အမျိုးအစား | လုပ်ငန်းအမျိုးအစား | ၂၀၁၄ ခုနှစ်အတွင်း အရည်အသွေးနှင့် ကူညီပေးမှု ပမာဏ အပြောင်းအလဲ |
| --- | --- | --- | --- |

[78] " မြန်မာနိုင်ငံတွင် မသန်စွမ်းသူများအခွင့်အရေးကောင်စီဖွဲ့ရန်ရှိ။" မြန်မာ့အရေး။ ၁၄ ဒီဇင်ဘာ ၂၀၁၄။

[79] ICRC ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေးအစီအစဉ် (PRP), ""နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃ ခုနှစ်," Geneva, 2014, p. 52; နှင့် လူမှုဖူလုံရေး ၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန, "မသန်းစွမ်းသူများ ပြန်လည်ပြုစုပျိုးထောင်ရေး," ၂၀၁၂ ခုနှစ်

[80] ICRC PRP, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ခုနှစ်," Geneva, 2015, p. 58.

[81] ICRC PRP, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃ခုနှစ်," Geneva, 2014, p. 52; နှင့် ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ခုနှစ်," Geneva, 2015, p. 291.

[82] Yann Faivre မှ အီးမေး။ HI, ၂၇ အောက်တိုဘာ ၂၀၁၅။

| | | | |
|---|---|---|---|
| ကျန်းမာရေးဝန်ကြီး ဌာန | အစိုးရ | ခြေတု လက်တု တပ်ဆင်ရေး ဌာနများနှင့် အရိုးကု ဆေးရုံ နှစ်ရုံ | ICRC နှင့် Exceed Worldwide ၏ အထောက်အပံ့များ ကြောင့် ခံစားခွင့် ရှိသူ ဦးရေ ပိုများလာ။ |
| ကာကွယ်ရေးဝန်ကြီး ဌာန | အစိုးရ | ဌာနသုံးခုမှတဆင့် ခြေတုလက်တု တပ်ဆင်ပေးသည် | ICRC အထောက်အပံ့များကြောင့် ခံစားခွင့် ရှိသူဦးရေ ပိုများလာ။ |
| လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန | အစိုးရ | လူမှုစီးပွားရေးနှင့် ပြန်လည် ပြုစုပျိုးထောင် ရေး ဝန်ဆောင်မှုများ၊ မိုင်းနှင့် တခြား ပေါက်ကွဲ စေသော ပစ္စည်းများ ကြောင့် အသက်ရှင် ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများ အတွက် အတတ်ပညာသင်ကျော င်းများ | မသိရ။ အချက်အလက်များကို လူသိရှင်ကြား မထုတ်ပြန်။ |
| ရွှေမင်းသား ဖောင်ဒေးရှင်း | ပြည်တွင်း အန်ဂျီအို | ထိခိုက်ဒဏ်ရာရမှုအတွ က် ဆေးကုသစရိတ်၊ ဆေးရုံ ဆေးခန်းသို့ ခရီးသွားစရိတ်နှင့် အစားအသောက် ထောက်ပံ့ ပေးခြင်း | ဆက်လက်လုပ်ဆောင်နေဆဲ |
| နယ်လှည့်ကျောပိုး အိတ် ဆေးတပ်ဖွဲ့ (BPHWT) | ပြည်တွင်း အန်ဂျီအို | မြန်မာနိုင်ငံအရှေ့ဖက်ခြမ်း အတွင်း လှည့်လည် အရေးပေါ် ဆေးကုသမှု | ဆက်လက်လုပ်ဆောင်နေဆဲ။ ၂၀၁၄ ခုနှစ်တွင် မြေမြှုပ်မိုင်းဒဏ်ခံ အသက်ရှင်ကျန်ရစ်သူတဦးကိုမှ ကုသပေးခဲ့ရခြင်း မရှိ။ |
| ငြိမ်းချမ်းသောမြန်မာ နိုင်ငံအကူအညီပေးေ ရး ဖောင်ဒေးရှင်း | ပြည်တွင်း အန်ဂျီအို | ရွေ့ပြောင်းခြေတုတပ်ဆ င် ပေးခြင်း | ဝန်ဆောင်မှုနည်းနည်းဖြင့် ဆောင်ရွက်ခြင်း |
| နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင် သူ ကရင် လူမျိုးများ ကူညီ စောင့်ရှောက် | လူထုအခြေပြု အဖွဲ့ အစည်း | ကရင်ပြည်နယ် မူသရောမြို့နယ် ခိုကေ ခြေတုလက်တု ဆေးခန်းမှ ခြေတု | ဆက်လက်လုပ်ဆောင်နေဆဲ |

83 BPHWT နှင့် အင်တာဗျူး။ မဲဆောက်။ မတ် ၄ ၂၀၁၂၊ Larry, Stratton မှ အီးမေး။ အစီရင်ခံစာထုတ်လုပ်ရေးအရာရှိ၊ FBR။ ဧပြီ ၂ ၂၀၁၂၊ CIDKP အင်တာဗျူး။ မဲဆောက်၊ မတ် ၁၂ ၂၀၁၁။ Horie Yoshiteru၊ အထွေထွေအတွင်းရေးမှူးချုပ်၊ AAR ဂျပန်၊ ဇွန် ၁၉ ၂၀၁၂။ Cedric Piralla မှ အီးမေး ICRC ချင်းမိုင်၊ ဇွန် ၁ ၂၀၁၁။ ICRC "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၀။" ဂျနီဗာ။ မေ ၂၀၁၁။ စာ ၂၃၃ နှင့် ICRC "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၁" ဂျနီဗာ၊ ဇွန် ၂၀၁၂။ စာ ၂၂၆။ ၂၀၁၁ ခုနှစ်အတွင်း ဘားအံ့ဌာနမှ ခြေတု ၉ ၇၆ ခု တပ်ဆင်ပေးခဲ့။ ၂၀၁၀ ခုနှစ်တွင် ၈၆၉ ခု။ Corinne Beyer မှအီးမေး။ နည်းပညာလက်ထောက်၊ UNHCR၊ဧပြီ ၉ ၂၀၁၂။ UNHCR အကာအကွယ်ပေးရေးလုပ်ငန်း အဖွဲ့အစည်းအဝေးတွင် Monitor မှတ်စုများမှ သတင်းအချက်အလက်များ၊ ရန်ကုန်၊ ဖေ ၂၄ ၂၀၁၂။ Yeshua Moser-Puangsuwan၊ သုတေသီ၊ ICBL-CMC Monitor

| | | | |
|---|---|---|---|
| ရေး ကော်မတီ | | လက်တု ထုတ်လုပ်သည်။ | |
| ကရင်ကျန်းမာရေး နှင့် လူမှု ဖူလုံရေး ဌာန | လူထုအခြေပြု အဖွဲ့ အစည်း | ရေးဦးသူနာပြုစုရေးအကူ အညီ နှင့် ခွဲစိတ်ကုသမှု ပေးခြင်း | အလှူရှင်အထောက်အပံ့မရှိတော့ သောကြောင့် ဝန်ဆောင်မှုလုပ်ငန်းများ ကျဆင်း။ |
| ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့ | လူထုအခြေပြု အဖွဲ့ အစည်း | ကရင်နီပြည်နယ် လွိုင်ကော် တွင် ခြေတုလက်တု တပ်ဆင် ပေးသည်။ | ဆက်လက်ဆောင်ရွက်နေဆဲ |

| အဖွဲ့အစည်းအမည် | အဖွဲ့အစည်း အမျိုးအစား | လုပ်ငန်းအမျိုးအစား | ၂၀၁၄ ခုနှစ်အတွင်း အရည်အသွေးနှင့် ကူညီပေးမှု ပမာဏ အပြောင်းအလဲ |
|---|---|---|---|
| မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအသင်း (MPHA) | ပြည်တွင်း DPO | မသန်စွမ်းအခွင့်အရေးစည်းရုံးတိုက်တွန်းခြင်း။ အထောက်အကူပြုပစ္စည်းများထုတ်လုပ်ခြ z x င်း၊ အလုပ်အကိုင်မှတဆင့် ဝင်ငွေရလုပ်ငန်းများထည့်သွင်းရန် အားပေးခြင်း | ဆက်လက်လုပ်ဆောင်နေဆဲ |
| အကူအညီ နှင့် ကယ်ဆယ်ရေးအသင်း - ဂျပန် (AAR Japan) | နိုင်ငံတကာ NGO | အသက်မွေးကြောင်းသင်တန်း၊ လူထုအခြေပြုပြန်လည် နေရာချထားရေး၊ လွှဲပြောင်းရေးစနစ်၊ အသက်ရှင်ကျန်ရစ်သူများ အခွင့်အရေး/ စည်းရုံးတိုက်တွန်းခြင်း | ဆက်လက်လုပ်နေဆဲ၊ ၂၀၁၄ ခုနှစ် ကရင်ပြည်နယ်တွင် ကယ်ဆယ်ရေးပရောဂျက်အသစ်တခုထားရှိ။ |
| Exceed Worldwide | နိုင်ငံတကာ NGO | ပြန်လည်ပြုစုပျိုးထောင်မှု စောင့်ရှောက်ရေး အထောက်အပံ့နှင့် အရည်အချင်းမြှင့်တင်ခြင်း။ | ရန်ကုန်ရှိ အမျိုးသား ပြန်လည်ပြုစုပျိုးထောင်ရေး ဆေးရုံကို ကူညီခြင်း။ မြန်မာနိုင်ငံ ခြေတုလက်တု ကျောင်းအားငွေကြေးထောက်ပံ့ခြင်း |
| အနာကြီးရောဂါတိုက်ဖျက်ရေးအသင်း (မြန်မာနိုင်ငံ) | နိုင်ငံတကာ NGO | ပြန်လည်ပြုစုပျိုးထောင်ခြင်း | ရွှေ့ပြောင်းအလုပ်ရုံမှတဆင့် DanChurch အကူအညီပေးရေးအဖွဲ့ (DCA)နှင့် ပူးပေါင်းပြီး မိုင်းသင့်ပြည်သူ အကူအညီဝန်ဆောင်မှုများ ပိုများလာခြင်း။ |
| ဒိန်းမတ်မိုင်းတူးဖော်ရေး | နိုင်ငံတကာ | ကချင်ပြည်နယ်အတွင်း မိုင်းနှင့် | အသက်ရှင်ကျန်ရစ်သူ |

| | | | |
|---|---|---|---|
| အဖွဲ့/ ဒိန်းမတ် ဒုက္ခသည် ကောင်စီ | NGO | ERW အသက်ရှင် ကျန်ရစ်သူများအတွက် ဆေးဝါး၊ ပြန်လည်ပြုစု ပျိုးထောင်ရေး စောင့်ရှောက်မှု နှင့် လွှဲပြောင်းရေး အကူအညီများ တိုက်ရိုက်ပေး သည်။ | အသစ်များ တွေ့ခြင်းနှင့် တိုက်ရိုက်အကူအညီပိုပေး နိုင်ခဲ့ခြင်း |
| Handicap International | နိုင်ငံတကာ NGO | အချက်အလက်ကောက်ယူခြင်း၊ ဂန်ဆောင်မှုနှင့် အခက်အခဲ လေ့လာသတ်မှတ်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ ရွေ့လျားနိုင်သောအထောက်အကူပြုပစ္စည်းများ ပြင်ပေးခြင်း၊ အကူအညီများတာဂန်ခံဆောင်ရွက်ခြင်းနှင့် အသက်ရှင် ကျန်ရစ်သူ/ မိုင်းဒဏ်သင့်သူများ၏ လိုအပ်ချက်ကို စည်းရုံး တိုက်တွန်းခြင်း၊ MPHA စွမ်းရည်မြှင့်တင်ခြင်း။ | ပြင်ပထိတွေ့မှု အလုပ်အဖွဲ့များနှင့်အတူ မိုင်းသင့်ပြည်သူ အကူအညီ ပေးရေး စမ်းသပ်လုပ်ငန်း (၂၀၁၄ ခုနှစ်တွင် ပြင်ဆင်၊ ၂၀၁၅ တွင် စတင်လည်ပတ်) |
| **ICRC/** ြ မန်မာနိုင်ငံ ကြက်ခြေနီ အသင်း | နိုင်ငံတကာ အဖွဲ့အစည်း / အမျိုးသားအဖွဲ့ အစည်း | ဘားအံခြေတုလက်တု တပ်ဆင် လေ့ကျင့်ရေးဌာနနှင့် ရပ်ဝေး ဒေသများတွင် ြေခတုလက်တု တပ်ဆင်ရေးအတွက် ေထာက်ပံ့ ပေးသည်။ | ရွှေပြောင်းပြင်ဆင်ရေးယူနစ်မှ တဆင့် အကူအညီများနှင့် ထုတ်လုပ်မှု တိုးလာသည်။ |
| ကမ္ဘာ ကုလသမဂ္ဂဒုက္ခသည် များဆိုင်ရာ မဟာမင်းကြီး (UNHCR) | UN | သယ်ယူပို့ဆောင်ခြင်း၊ အသက်မွေးဂမ်းကြောင်းလုပ် ငန်း အစီအစဉ်မှဆင့် စီးပွားရေး လုပ်ငန်းများထည့် သွင်းခြင်း အပါအဂင် စစ်ကြောင့် ထိခိုက် အနာတရ ဖြစ်ရသူများ၊ မြေမြှုပ်မိုင်းဒဏ်ခံ အသက်ရှင် ကျန်ရစ်သူများအတွက် ဆေးဂါးကုန်ကျစရိတ်နှင့် ပြန်လည်ပြုစုမျိုးထောင်ရေးအတွက် လွတ်လပ်စွာ အသုံးပြုခွင့်ရှိသော ဘဏ္ဍာငွေ။ | ကရင်နှင့် မွန်ပြည်နယ် နှင့် တနင်္သာရီ တိုင်း တို့ ရှိဒေသတချို့တွင် ဂန်ဆောင်မှုများပေးခဲ့သည်။ |

## အရေးပေါ် နှင့် ဆက်လက်လုပ်ဆောင်နေသော ဆေးဝါးအထောက်အပံ့

မြန်မာနိုင်ငံ ကျေးလက်ဒေသများတွင် ကျေးရွာအများစုသည် အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည်။ လူနာများသည် နာရီပေါင်းများစွာကြာ ခရီးနှင်ရသည်။ တချို့တောင်ထူသော ဒေသများတွင် ဆေးရုံ သို့မဟုတ် ဆေးပေးခန်းရောက်ရန် တနေကုန် ခရီးသွားရသည်။ ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှု အားနည်းသောကြောင့် ကျေးလက်ဒေသနေ ပြည်သူများသည် လေ့ကျင့်သင်ကြားထားခြင်းမရှိသော ကျန်းမာရေးလုပ်သားများကိုသာ မှီခိုနေသည်။ သို့မဟုတ် ဒေသထွက် တိုင်းရင်းဆေးဝါးကိုသာ မှီခိုနေရသည်။[84]

တိုင်းရင်းသားများနှင့် လူထုအခြေပြုကျန်းမာရေးအဖွဲ့များမှ တာဝန်ပေးခန့်အပ်သော ကျန်းမာရေး လုပ်သားအများစုသည် ကနဦး သင်တန်းများ တက်ရသည်။ ထို့နောက် မယ်တော်ဆေးပေးခန်း သို့မဟုတ် တခြား တိုင်းရင်းသားကျန်းမာရေးဆေးပေးခန်းများမှ ဆေးဖက် ဆိုင်ရာကြီးကြပ်မှုနှင့်အတူ ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးမှုဆွေးနွေးပွဲများ ရံဖန်ရံခါ တက်ရသည်။ မြေမြုပ်မိုင်း ဒေသအတွင်း တာဝန်ထမ်းဆောင်နေသော ဆေးမှူးများသည် ထိခိုက်ဒဏ်ရာအတွက် သီးခြားသင်တန်းများ ပိုတက်ရသည်။ [85]

ကျန်းမာရေးလုပ်ငန်းစုပေါင်းအဖွဲ့ (HCCG) သည် ကျန်းမာရေးစနစ်ပိုကောင်းမွန်လာရေး ဆက်လက် ဦးတည်ဆောင်ရွက်နေသည်။ တိုင်းရင်းသားကျန်းမာရေးအဖွဲ့ လေးဖွဲ့ နှင့် လူထုအခြေပြု ကျန်းမာရေး အဖွဲ့လေးဖွဲ့ ပါဝင်သည်။ မြန်မာနိုင်ငံဆေးပညာရှင်အသင်း၊ နယ်လှည့်ကျောပိုးအိတ် ဆေးလုပ်သားများ အဖွဲ့၊ ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန၊ ကရင်နီ ရွှေ့ပြောင်းကျန်းမာရေး ကော်မတီ၊ မယ်တော်ဆေးပေးခန်း၊ မွန်အမျိုးသားကျန်းမာရေးကော်မတီ၊ အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ နှင့် ရှမ်းကျန်းမာရေးကော်မတီတို့ ဖြစ်သည်။ [86]

---

[84] "မြန်မာ့ကျန်းမာရေးစနစ်သည် စိုးရိမ်ရသောအခြေအနေတွင်ရှိနေ။" ကရင်သတင်းစဉ်။ ၂၈ ဇွန် ၂၀၁၃။

[85] ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်အလုပ်အဖွဲ့ (HISGW), "ပြန်လည်ဖွံ့ဖြိုးထောင်ရေးအတွက် ခရီးရှည်။ တိုင်းရင်းသားနှင့် လူထုအခြေပြုကျန်းမာရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံအရှေ့ဖက်အတွင်း ပိုကောင်းမွန်သောကျန်းမာရေးဆီသို့ဦးတည်ဆောင်ရွက်။" ဖေဖော်ဝါရီ ၂၀၁၅။

[86] HISGW, "မိမိတို့အကြောင်း၊ ကျန်းမာရေးစုပေါင်းအကူအညီအဖွဲ့။" ရက်စွဲမသိရ၊ မြန်မာနိုင်ငံကျန်းမာရေးအသင်း။ "၅ ကြိမ်မြောက်ကျန်းမာရေး စုပေါင်းအကူအညီအဖွဲ့ အစည်းအဝေး။" ၂၁ ဩဂုတ် ၂၀၁၄။ Bill Davies, Tara Russell, နှင့် စောဂင်းကျော်, "အပစ်အခတ်ရပ်စဲရေး နှင့်ကျန်းမာရေး။ မြန်မာနိုင်ငံအရှေ့ပိုင်းအတွင်း ကောင်းမွန်သောကျန်းမာရေးအတွက် စိန်ခေါ်ချက်များနှင့် အခွင့်အလန်းများ။ ၂၅ ဇူလိုင် ၂၀၁၅။ နှင့် အသွင်းကူးပြောင်းခြင်း၊ ထိစပ်မှု၊ အပြောင်းအလဲနှင့် စိန်ခေါ်ချက်များနှင့် မြန်မာနိုင်ငံ။ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံသို့ တင်သွင်းသော စာတမ်း။ ချင်းမိုင်။ ၂၄ - ၂၆ ဇူလိုင် ၂၀၁၅။

**ခြေတုလက်တုတပ်ဆင်ခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေး**

**ပြန်လည်ပြုစုပျိုးထောင်ရေးဌာနများသည် အဓိကမြို့ကြီးများတွင် တည်ရှိပြီး ခရီးစရိတ် အကုန်အကျ များသောကြောင့် မသန်စွမ်းသူများ အနေဖြင့် အထူးသဖြင့် ကျေးလက်ဒေသနေသူများအတွက် ၎င်း ဝန်ဆောင်မှုများကို အသုံးပြုရန် အခက်အခဲကြီးစွာ ရင်ဆိုင်ရသည်။**[87]

**ကျန်းမာရေးဝန်ကြီးဌာနသည် ICRC ကတင်ပြလာသော ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစုပျိုးထောင်ရေး ဌာနအသစ် နှစ်ခုကို တည်ဆောက်ခွင့် ပြုခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနာမြို့တွင် ဌာနတစ်ခု နှင့် ၂၀၁၆ ခုနှစ်တွင် ရှမ်းပြည်အရှေ့ဖက် ကျိုင်းတုံတွင် တစ်ဌာန တည်ဆောက်မည် ဖြစ်သည်။ ပဋိပက္ခသက်ရောက်မှုရှိသော ၎င်းဒေသများအတွက် ဝန်ဆောင်မှုများစွာ လိုအပ်နေခြင်းကို ဖြေရှင်းပေးရန်အတွက် ယင်းဌာနများ လိုအပ်သည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ပရောဂျက် သဘောတူညီချက်ကို ကျန်းမာရေးဝန်ကြီးဌာန နှင့် ICRC တို့က လက်မှတ်ရေးထိုးခဲ့သည်။**[88]

၂၀၁၄ ခုနှစ်တွင် ICRC သည် ဘားအံ အရိုးကုသမှု ပြန်လည်ပြုစုပျိုးထောင်ရေးဌာန (HORC) ကို ဆက်လက် ထောက်ပံ့ခဲ့သည်။ ဌာနကို မြန်မာကြက်ခြေနီအသင်းနှင့် ICRC ကပူးပေါင်း ဆောင်ရွက်သည်။ မန္တလေး၊ ရေနံသာ ပတ်ဝန်းကျင် လူသူအရောက်အပေါက်နည်းသော ဒေသမှလူများ အသုံးပြုနိုင်ရန် အတွက် ကျန်းမာရေးဝန်ကြီးဌာနက စီမံသော ဌာနသုံးခုကို ထောက်ပံ့ရန် ဖြစ်သည်။

ICRC သည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ HORC မှ တာဝန်ယူသော ဒေသများအတွက် ခြေတု လက်တု လူထုဆက်ဆံရေးအစီအစဉ်ဆောင်ရွက်ရန် ဆက်လက်ထောက်ပံ့ပေးခဲ့သည်။ ထို့အပြင် ရေနံသာအနာကြီးရောဂါသည်ဆေးရုံမှ တာဝန်ယူသော မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းများ အတွက်ပါ ပါဝင်သည်။ ယင်းအစီအစဉ်မှ ကျေးလက်နေပြည်သူများအတွက် ခြေတု လက်တု ဝန်ဆောင်မှုအပါအဝင်၊ နေရာထိုင်ခင်း၊ ခရီးသွားလာရေး နှင့် ဆေးဝါးအကူအညီများကို အခမဲ့ ဝန်ဆောင်မှု ပေးခဲ့သည်။[89] ဇူလိုင်လတွင် HORC သည် ICRC ၏ အကူအညီနှင့် ရွေ့လျား ပြင်ဆင်ရေး ဝပ်ရှော့တခု ဖွင့်လှစ်ခဲ့သည်။ လူထုထိတွေ့ဆက်ဆံရေး အစီအစဉ်များသည် လူသူမနီးသော ဒေသတွင် နေထိုင်သော ပြည်သူများအတွက် အနီးစပ်ဆုံးဝန်ဆောင်မှုပေးသူများနှင့် ထိတွေ့နိုင်သည့် အခြေအနေ ရရှိစေသည်။[90] ၂၀၁၄ ခုနှစ်အတွင်း ICRC ကထောက်ပံ့ပေးသော ဝပ်ရှော့များမှ ခြေတု

---

[87] ICRC PRP, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃ခုနှစ်," Geneva, 2014, p. 52.

[88] ICRC PRP, ""နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ခုနှစ်," Geneva, 2015, p. 58.

[89] Ibid.; နှင့် "ဘားအံ့ခြေတုဌာနမှ မြေမြှုပ်မိုင်းသင့်သူများအတွက် ဘဝသစ်တခု ဖန်တီးပေး။" မဇ္ဈိမ, ၂၇ ဧပြီ ၂၀၁၄.

[90] ICRC, "နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄ခုနှစ်," Geneva, 2015, p. 291.

လက်တု တပ်ဆင်ပေးမှု ၄၉ ရာခိုင်နှုန်းသည် မိုင်းနှင့် စစ်အတွင်း ကြွင်းကျန်ရစ်သော ပေါက်ကွဲပစ္စည်းများ ထိခိုက်ခံ အသက်ရှင်ကျန်ရစ်သူများ (၁၀၂၇ ဦးအနက် ၅၀၂ ဦး) အတွက် ဖြစ်ခဲ့သည်။[91]

ကျန်းမာရေးဝန်ကြီးဌာနနှင့် သဘောတူညီချက်ရယူပြီး ICRC သည် ရန်ကုန်ရှိ အမျိုးသား ပြန်လည်ပြုစုပျိုးထောင်ရေးဆေးရုံအား ထောက်ပံ့ပေးနေသော ၎င်း၏ အခန်းကဏ္ဍကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် အစိုးရမဟုတ်သောအဖွဲ့တခုဖြစ်သည့် Exceed Worldwide သို့ လွှဲပြောင်းပေးခဲ့သည်။ Exceed Worldwide သည် ရန်ကုန်ဆေးဖက်ဆိုင်ရာနည်းပညာတက္ကသိုလ်ရှိ ခြေတုလက်တု နှင့် အရိုးကု စာသင်ကျောင်းကိုလည်း ငွေကြေးအရ ထောက်ပံ့သည်။ ICRC သည် အဓိကပါတနာအဖြစ် ဆက်လက်ရပ်တည်ပေးမည် ဖြစ်ပြီး ခြေတုလက်တု နှင့်အရိုးကုသမှုဆိုင်ရာ နိုင်ငံတကာအသင်း (ISPO) ၏ မြန်မာဌာနခွဲတခု တည်ထောင်ရေးတွင်လည်း တက်တက် ကြွကြွ ပါဝင်ခဲ့သည်။[92]

မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများအသင်း (MPHA) သည် ရန်ကုန်အခြေစိုက် ၎င်း၏ ရုံးမှ အသေးစားဝပ်ရှော့တခုတွင် ခြေတုလက်တုများ ထုတ်လုပ်သည်။ လိုချင်သူများသည် ငွေကြေးပေးဝယ်ယူ၍သော်လည်း သို့မဟုတ် အလှူရှင်ရှာ၍သော်လည်းကောင်း ရယူနိုင်သည်။ သို့သော် MPHA သည် ငွေကြေးအရ အလွန်ချို့တဲ့သူများကို ခြေတုလက်တု တချို့ အခမဲ့ တပ်ဆင်ပေးသည်။[93] DCA သည် တခြားနေရာများတွင် အလားတူဝန်ဆောင်မှုများ မရရှိနိုင်သော သို့မဟုတ် အနည်းငယ်သာ ရရှိနိုင်သော မြေမြှုပ်မိုင်းအသက်ရှင်ကျန်ရစ်သူများအတွက် ရွေ့ပြောင်းခြေတုလက်တု တပ်ဆင်ပေးရေး ဆေးခန်းတခု ဖွင့်လှစ်လည်ပတ်သည်။[94]

၂၀၁၄ ခုနှစ် ဇူလိုင်တွင် ငြိမ်းချမ်းသော မြန်မာအကူအညီပေးရေးဖောင်ဒေးရှင်းက ပဲခူးတိုင်း အရှေ့ခြမ်း ရွှေကျင်မြို့နယ်အတွင်း ကျေးရွာပေါင်း ၂၂ ရွာမှ မိုင်းအသက်ရှင် ကျန်ရစ်သူများအတွက် ခြေတုလက်တု ထောက်ပံ့ပေးသော ရွေ့ပြောင်း ခြေတုလက်တု ဝပ်ရှော့တခု ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။[95]

---

[91], Ibid. p. 293 နှင့် ICRC PRP, ""နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၃ခုနှစ်," Geneva, 2014, p. 52.

[92] Exceed Worldwide, "The Myanmar School of prosthetics And Orthotics: MSPO," undated.

[93] ဒူးအောက်ခြေတုတခု ၁၅၀၀၀၀ ကျပ် (ဒေါ်လာ၁၇၇) နှင့် ဒူးအထက်ခြေတု ၉၀၀၀၀၀ ကျပ်(ဒေါ်လာ ၁၀၅၀)။ MDPO သည် ၎င်းတို့ကိုယ်ပိုင်ခြေတုများ ထုတ်လုပ်ပြီး ၅၀၀၀ ကျပ် (၆ ဒေါ်လာ) နှင့် ရောင်းချသည်။ Monitor သည် လက်ထောက်အတွင်းရေးမှူး အေးကိုကိုအား မေးမြန်း။ MDPO, ရန်ကုန်, ၁၉ နိုဝင်ဘာ ၂၀၁၃။ MDPO သည် အသစ်ဖွဲ့စည်းခဲ့သော မြေမြှုပ်မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ရေး မြန်မာနိုင်ငံလှုပ်ရှားမှုအဖွဲ့ ၏ အဖွဲ့ဝင် ဖြစ်သည်။

[94] DCA, "ဂျာမန်ဖယ်ဒရယ်နိုင်ငံခြားရေးရုံးသည် DanChurchAid သို့အလှူငွေမှတဆင့် မြေမြှုပ်မိုင်းသင့်ပြည်သူများကို အကူအညီပေး။ ၁၈ စက်တင်ဘာ ၂၀၁၃ နှင့် DCA, "DCA Mine Action in Burma/Myanmar," ရက်စွဲမရှိ.

[95] ဗိုလ်မှူးကြီးသန့်စင် ထံမှ အီးမေး၊ ဒါရိုက်တာ။ ငြိမ်းချမ်းသော မြန်မာအကူအညီပေးရေးဖေါင်ဒေးရှင်း ၂၅ စက်တင်ဘာ ၂၀၁၄.

စိတ်ပိုင်းဆိုင်ရာအထောက်အပံ့

၂၀၁၅ခုနှစ် မတ်လတွင် လူထုအခြေပြုခြေတုလက်တု ဂန်ဆောင်မှု အဖွဲ့တစ်ခုနှင့်ပူးပေါင်း၍ စိတ်ပိုင်းဆိုင်ရာအထောက်အပံ့အစီအစဉ်တခုကို အသက်ရှင်ကျန်ရစ်သူများအတွက် Handicap International၊ MPHA နှင့် ICRC က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ပူးတွဲ အစီအစဉ်မှတဆင့် ပဲခူးတိုင်းအရှေ့ပိုင်း ကျောက်ကြီးမြို့နယ်အတွင်း မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော မိုင်းဒဏ်သင့်ပြည်သူ အကူအညီပေးရေးဌာနကို ဖန်တီးခဲ့သည်။[96]

## စီးပွားရေး နှင့် လူမှုရေးဆိုင်ရာပေါင်းစပ်မှု

မသန်စွမ်းသူများနှင့်ပတ်သက်၍ နားလည်မှု အားနည်းခြင်း အခြေခံအဆောက်အအုံ အသုံးပြုနိုင်မှု စနစ် ညံ့ဖျင်းသောကြောင့် မသန်စွမ်းသူများအတွက် ပညာသင်ခွင့်နှင့် အလုပ်အကိုင်ရခွင့် ခက်ခဲသည်။ အကူအညီ နှင့်ကယ်ဆယ်ထောက်ပံ့ရေး အသင်း (AAR – Japan)၊ မသန်စွမ်း သူများအတွက် အသက်မွေးဂမ်းကြောင်းသင်တန်းဌာနမှ စက်ချုပ်သင်တန်း၊ ဆံပင်အလှပြင် သင်တန်း၊ ကွန်ပြူတာသင်တန်းများကို ရန်ကုန်မြို့တွင် အခမဲ့ သင်ကြားပေးသည်။ သင်တန်းသား အများစုမှာ မြေမြှုပ်မိုင်းကြောင့် အသက်ရှင်ကျန် မသန်စွမ်းဖြစ်ရသူများ သို့မဟုတ် ပိုလီယိုကြောင့် မသန်စွမ်းသူများ ဖြစ်သည်။ ဌာနသည် စီးပွားရေးအရ သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်ရန်၊ အလုပ်အကိုင်ရရန်၊ ကိုယ်ပိုင်ဆိုင်ဖွင့်ရန်၊ သင်တန်းတွင် ဆရာဖြစ် ပြန်လည် ဆောင်ရွက်နိုင်ရန်အတွက် အသိအမှတ်ပြု လက်မှတ်ပေးသည်။[97]

၂၀၁၄ ခုနှစ်တွင် AAR (ဂျပန်) သည် ကရင်ပြည်နယ် သစ္စာအေးမြိုင်ကျေးရွာတွင် ရုပ်ပိုင်းဆိုင်ရာ နှင့် ရေ ရရှိရေး အညီပေးခဲ့သည်။ ၎င်းကျေးရွာတွင် ကျေးရွာသားပေါင်း ၁၅၀၀ ရှိသည့်အနက် ၉၄ ဦးသည် မြေမြှုပ်မိုင်းထိခဲ့သူများဖြစ်သည်။[98]

---

[96] Yann Faivre မှ အီးမေး။ HI, 29 October 2015.

[97] AAR ဂျပန်။ "မြန်မာနိုင်ငံအတွင်း လုပ်ငန်းများ။" နှင့် AAR ဂျပန် "မသန်စွမ်းသူများကို အထောက်အပံ့ပေးခြင်း(PWDs)- အသက်မွေးဂမ်းကြောင်း သင်တန်းကျောင်းဆင်းပွဲ။" ၆ မေ ၂၀၁၄။

[98] AAR ဂျပန်။ "လုံခြုံသော၊ အသက်ရှင်နေထိုင်သော ဂန်းကျင်တရပ် ဖန်တီးပေးရေး မြန်မာမြေမြှုပ်မိုင်း/UXO လုပ်ငန်း။ မသန်စွမ်းသူများအတွက် ပါဝင်သည်။ ၁၁ ဇွန် ၂၀၁၄။

ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသူ စစ်ပြန်များသည် နေရာအိုးအိမ်အထူးအခွင့်အရေး လျှောက်ထားနိုင်သည်။ မသန်စွမ်းစစ်သားဟောင်းများနေထိုင်ရာသို့ Monitor အဖွဲ့သည် ၂၀၁၃ ခုနှစ်မေလတွင် သွားရောက်လည်ပတ်ခဲ့ရာ တောင်ငူမြို့အပြင် ရာသီမရွေးအသုံးပြုနိုင်သော လမ်းမပေါ်တွင်တည်ရှိပြီး ရေနှင့်လျှပ်စစ်မီးလည်း ရှိသည်။ ကလေးများ ကျောင်းသွားရန် အကြိုအပို့ လုပ်ပေးသည်။ လိုအပ်ပါက နေရာချထားသည့်နေရာမှ စစ်မှုထမ်းဟောင်းများသည် ဒေသခံ စစ်တပ်အရာရှိတဦးထံ ဆက်သွယ်၍ ဆေးရုံသို့သွားရန် ခရီးသွားလာရေးအတွက် အကူအညီ တောင်းနိုင်သည်။ စစ်မှုထမ်းဟောင်းများသည် အများပြည်သူသုံး မြို့တွင်းလိုင်းကားများတွင် အခမဲ့စီးနိုင်ပြီး ခြေတုလက်တုအစားထိုး ပေးခြင်း အတွက်လည်း ငွေကြေးပေးစရာ မလိုပေ။ အထူးနေရာချထားရေးနေရာတွင် နေစရာ အိမ် လျှောက်ထားခြင်းမရှိသော ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသူ စစ်မှုထမ်းဟောင်းများအတွက် တကြိမ် ထောက်ပံ့ငွေ ၅ သိန်းကျပ် (ဒေါ်လာ ၅၉၀ ခန့်) ထောက်ပံ့ပေးသည်။ ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသူ စစ်မှုထမ်းဟောင်းများ အားလုံးသည် ပမာဏနည်းပါးသော ပင်စင်ထောက်ပံ့ငွေ ရယူခွင့်ရှိသည်။[99]

## ဥပဒေများ နှင့် မူဝါဒများ

မကြာသေးမီကာလအထိ မသန်စွမ်းသူများအတွက် အလုပ်အကိုင်ခန့်အပ်ရေး၊ ပညာသင်ကြားရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး နှင့် တခြား အစိုးရဝန်ဆောင်မှုလုပ်ငန်းများတွင် အထောက်အပံ့ ရယူရာတွင် ခွဲခြားဆက်ဆံမှုမရှိရဟူသော သီးခြားပြဌာန်းထားသည့် ဥပဒေမရှိသေးပေ။ အစိုးရတွင်လည်း ထိုသူများအတွက် ကောင်းမွန်သော အကာအကွယ်ပေးမှု မရှိပေ။ မသန်စွမ်းသူများတွက် အကူအညီပေးနိုင်သော တရားဝင်အရင်းအမြစ်တချို့သာ ရှိသည်။ မသန်စွမ်းသူများသည် လူမှုရေးအရ အငြိုငြင်ခံရမှု၊ ခွဲခြားဆက်ဆံမှုများ ခံနေရသည့်အပြင် အရပ်သားနှင့် အစိုးရအရာရှိများ၏ အနိုင်ကျင့်မှုကိုပါ ခံနေရကြောင်း တင်ပြမှုများ ရှိခဲ့သည်။ [100]

၂၀၁၄ ခုနှစ် ဇွန်လတွင် လွှတ်တော်တွင်ဆွေးနွေးနေသော မသန်စွမ်းသူများ ဥပဒေကြမ်းတွင် မြေမြှုပ်မိုင်းကြောင့် ထိခိုက်ခံရသူများအတွက်ပါ ထည့်ပေးရန် လှုပ်ရှားတက်ကြွသူများက တောင်းဆိုခဲ့သည်။[101] ဥပဒေမူကြမ်းသည် စစ်မှုထမ်းဟောင်းမသန်စွမ်းသူများကို အရပ်သားမသန်စွမ်းသူများ ထက် ပို၍ မျက်နှာသာပေးထားကြောင်း ပြောဆိုမှုများ ရှိခဲ့သည်။ အလုပ်အကိုင်ပေးမှုတွင် စစ်မှုထမ်းဟောင်းကို ဦးစားပေးမှုများ ပါဝင်သည်။[102] ၂၀၁၅ ခုနှစ် ဇွန်လတွင် မသန်စွမ်းသူများ ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့ သမ္မတရုံးမှ မှတ်ချက်များနှင့်အတူ ပြန်လည်

---

[99] Monitor ကွင်းဆင်းမှတ်စုများ။ May 2013.

[100] အမေရိကန်နိုင်ငံခြားဝန်ကြီးဌာန၊ "လူ့အခွင့်အရေးဆောင်ရွက်မှုများ ၂၀၁၄ခုနှစ် နိုင်ငံအလိုက်အစီရင်ခံစာများ။ မြန်မာနိုင်ငံ။" ဝါရှင်တန်ဒီစီ ၂၅ ဇွန် ၂၀၁၅

[101] အေးမင်းစိုး။ မသန်စွမ်းသူများအခွင့်အရေးဥပဒေကြမ်းတွင် မြေမြှုပ်မိုင်းသင့်သူများ၏အခွင့်အရေးကို ထည့်သွင်းသင့်သည်။ လှုပ်ရှားတက်ကြွသူများ။" မြန်မာ့အလင်း။ ၁၆ ဇွန် ၂၀၁၄။ စာ ၁

ပေးပို့ခဲ့သည်။[103] ၂၀၁၅ခုနှစ် ဇွန်လ ၅ ရက် နေ့တွင် ပြည်ထောင်စုလွှတ်တော်က မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ဥပဒေကို အတည်ပြုခဲ့သည်။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ဥပဒေအတွက် နည်းပဒေမူကြမ်းရေးဆွဲခြင်းကို ထိုနေ့တွင်ပင် စတင်ခဲ့သည်။[104] ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် CRPD သဘောတူညီချက်အရ ဥပဒေပြုမှုတွင် မသန်စွမ်းသူများကိုယ်တိုင် ပါဝင်မှုရှိစေရန်အတွက် နည်းဥပဒေရေးဆွဲခြင်း ပထမအကြိမ် အစည်းအဝေးကို မြန်မာနိုင်ငံ မသန်စွမ်းသူများကောင်စီ ပါဝင်မှုနှင့်အတူ ကျင်းပခဲ့သည်။[105]

မသန်စွမ်းစစ်မှုထမ်းဟောင်းများသည် ဦးစားပေးအဆင့်နှင့် အကျိုးခံစားခွင့်ရှိသည်။ ပုံမှန်အားဖြင့် တူညီသော လစာနှုန်းထားနှင့် အစိုးရဌာနဆိုင်ရာလုပ်ငန်းများတွင် ဖြစ်သည်။ စစ်မှုထမ်းဟောင်း မဟုတ်သော မသန်စွမ်းသူများအတွက် တရားဝင်အကူအညီသည် ယာယီမသန်စွမ်းဖြစ်သူအတွက် လစာ၏ သုံးပုံနှစ်ပုံကို တနှစ်စာပေးပြီး၊ ထာဝရ မသန်စွမ်းသူများအတွက် အခွန်လွတ် ထောက်ပံ့ငွေ ပေးသည်ဟု မှုအားဖြင့် ရှိသည်။ သို့သော် ပုဂ္ဂလိကကဏ္ဍမှ မသန်စွမ်းဖြစ်ခဲ့သူများအတွက် အစိုးရက အလုပ်အကိုင်ကာကွယ်ပေးမှု မပေးပေ။ ၂၀၁၃ ခုနှစ် မတ်လတွင် ထိခိုက်ဒဏ်ရာရသူ စစ်သားများနှင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုများကို အကူအညီပေးသည့် ဥပဒေတခု အစိုးရက ပြဌာန်းခဲ့သည်။[106] ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် မြန်မာနိုင်ငံသည် အမျိုးသားလူမှုရေးဆိုင်ရာ အကာ အကွယ်ပေးရေး မဟာဗျူဟာစီမံကိန်းကို ပြဌာန်းကာ စတင်ခဲ့သည်။ ၂၀၁၆ ခုနှစ် အစတွင် မသန်စွမ်း သူများ သတ်မှတ်ထားခြင်းခံရသူအားလုံးကို ယင်းအစီအစဉ်မှ မသန်စွမ်းသူများအား ထောက်ပံ့ငွေ ပေးမည် ဖြစ်သည်။ မသန်စွမ်းသူများထောက်ပံ့ငွေသည် ကလေးတဦးအတွက် လစဉ်ထောက်ပံ့ငွေ ၁၆၀၀၀ ကျပ် ( ၁၃ ဒေါ်လာ) နှင့် အသက် ၆၄ နှစ် အထိ လူကြီးတဦးအတွက် တလ ထောက်ပံ့ငွေ ၃၀၀၀၀ ကျပ် (၂၅ ဒေါ်လာ) ဖြစ်သည်။ ၎င်းအစီအစဉ်ကို လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချ ထားရေးဝန်ကြီးဌာနမှ တနိုင်ငံလုံးအတိုင်းအတာဖြင့် တာဝန်ယူအကောင်အထည် ဖော်မည် ဖြစ်သည်။ [107]

---

102 မြန်မာနိုင်ငံရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအသင်း၏ သတင်းထုတ်ပြန်ချက်။ "မသန်စွမ်းသူများဥပဒေကြမ်းတွင် စစ်တပ်ကိုဦးစားပေး။ MPHA" ရောဂတီ၊ ၃ အောက်တိုဘာ ၂၀၁၂။

103 ''CBM မှစိုက်ပျိုးရေးချေငွေ ကျပ်ငွေ ဘီလီယံ ၄၀၀ ချေးငှားရန် လွှတ်တော်အမတ်များ ဆွေးနွေး။'' မြန်မာ့အလင်း။ ၅ ဇွန် ၂၀၁၅။

104 မသန်စွမ်းသူများအခွင့်အရေးဥပဒေ ၂၀၁၅ခုနှစ်။ ပြည်ထောင်စုလွှတ်တော်။ ဥပဒေ အမှတ် ၃၀။ 4th Waning Day of Nayon 1377 ME, 5 June 2015.

105 Yann Faivre ထံမှအီးမေး၊ HI, 29 October 2015.

106 အမေရိကန်နိုင်ငံခြားဝန်ကြီးဌာန၊ "လူ့အခွင့်အရေးဆောင်ရွက်မှုများ ၂၀၁၄ခုနှစ် နိုင်ငံအလိုက်အစီရင်ခံစာများ။ မြန်မာနိုင်ငံ။" ဝါရှင်တန်ဒီစီ ၂၅ ဇွန် ၂၀၁၅

107 ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ "မြန်မာနိုင်ငံအမျိုးသားလူမှုရေးကာကွယ်ပေးမဟာဗျူဟာ အစီအစဉ်။" ဒီဇင်ဘာ ၂၀၁၄။ စာ ၅၃။ မသန်စွမ်း သူများဥပဒေ မပြဌာန်းမပြီးသရွေ့ ထောက်ပံ့ကြေးငွေ မရနိုင်သေး နှင့် အစိုးရသည် တရားဝင်သတ်မှတ်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည် ဖော် မည်။

၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် မြန်မာနိုင်ငံသည် CRPD ကို သဘောတူ လက်မှတ်ရေး ထိုးခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် စာချုပ် အသက်ဝင်ခဲ့သည်။ မြန်မာနိုင်ငံသည် သဘောတူစာချုပ်သို့ ၎င်း ကနဦးအစီရင်ခံစာပေးပို့ရန် ရှိသေးသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် အပြီးပို့ရန် ဖြစ်သည်။

## ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားများအတွက် မိုင်းဒဏ်သင့်အကူအညီ

ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကြသော မြန်မာနိုင်ငံမှ မြေမြှုပ်မိုင်း အသက်ရှင်ကျန်ရစ်သူများ သည် ဒုက္ခသည်စခန်းများအပြင် ထိုင်းမြန်မာနယ်စပ်နှင့်ထိစပ်သော ခရိုင်ပြည်သူ့ ဆေးရုံများတွင် လည်း ဆေးဝါးကုသမှု ခံယူနိုင်သည်။[108] သို့သော် ၂၀၁၄ ခုနှစ် တနှစ်လုံးနှင့် ၂၀၁၅ ခုနှစ်အထိ ထိုင်းမြန်မာနယ်စပ်စခန်းများတွင် အကူအညီရရှိမှုပို၍ မသေချာဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံအတွင်း လုပ်ငန်းများကို အာရုံစိုက်နိုင်ရန်အတွက် NGO များသို့ ပေးနေသော အထောက်အပံ့များကို အလှူရှင် တချို့ လျှော့ချနေခြင်းကြောင့် ဖြစ်သည်။[109] ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ထိုင်းနိုင်ငံ၏ ငြိမ်းချမ်းရေး နှင့် တည်ငြိမ်အေးချမ်းရေးအမျိုးသားကောင်စီ (NCPO) သည် ထိုင်းနိုင်ငံနယ်စပ် တလျှောက် ဒုက္ခသည် စခန်း (၉) ခုတွင် နေထိုင်နေသော မြန်မာနိုင်ငံမှ ဒုက္ခသည်ပေါင်း ၁၂၀၀၀၀ ကို နေရပ်ရင်း ပြန်ပို့ရန် အတွက် မြန်မာနိုင်ငံမှ ကာကွယ်ရေးဦးစီးချုပ်နှင့် သဘောတူညီချက်ရခဲ့သည်ဟု သိခဲ့ရသည်။[110] သို့သော် ၂၀၁၅ ခုနှစ် အစောပိုင်းတွင် တဆက်တည်းဆိုသလိုပင် ထိုင်းစစ်တပ် ပြောရေးဆိုခွင့် ရှိသူ တစ်ဦးက သူ့အနေနှင့် ဒုက္ခသည်များ ပြန်မည့်အချိန် တိတိကျကျ သတ်မှတ်ထားခြင်းကို မသိပါ ကြောင်း၊ သို့သော် အစိုးရအနေနှင့်စခန်းများကို ပိတ်ပင်ရန် ဆန္ဒရှိကြောင်း ပြောဆိုခဲ့သည်။ "ပြန်လည် ပို့ဆောင်ခြင်း လုပ်ငန်းစဉ်ကို မြန်မြန်ဆန်ဆန် လုပ်နိုင်ရင်တော့ ထိုင်းနိုင်ငံအတွက် ပိုကောင်းပါတယ်။ သို့သော် အကန့်အသတ်တွေရှိတယ်ဆိုတာကို နားလည်တဲ့အပြင် မြန်မာအာဏာပိုင်တွေကိုလည်း ကျနော်တို့ လေးစားပါတယ်။" ဟု ပြောရေးဆိုခွင့်ရှိသူက ကိုးကားပြောဆိုခဲ့သည်။[111]

၂၀၁၄ ခုနှစ် ယခင်ကာလတွင်လည်း UNHCR က မြန်မာနိုင်ငံအရှေ့တောင်ဖက်ခြမ်း အခြေအနေများ သည် ဒုက္ခသည်များ ပြန်ရန်စီစဉ်သင့်သည့် အနေအထားတွင် မရှိသေးကြောင်း တင်ပြခဲ့သည်။ ထာဝရ အပစ်အခတ်ရပ်စဲရေး မရှိသေးခြင်း၊ မိုင်းကွင်းများရှိနေခြင်း နှင့် တချို့နေရာများတွင် အရေးပါ သော

---

[108] ပိုမိုသိရှိလိုပါက ICBL –CMC "Country Profile: ထိုင်းနိုင်ငံ။" ၉ အောက်တိုဘာ ၂၀၁၃။

[109] နယ်စပ်ကူညီထောက်ပံ့ပေးအဖွဲ့ကြီး (TBC)၊ လုပ်ငန်းအစီရင်ခံစာ။ ဇူလိုင်-ဒီဇင်ဘာ ၂၀၁၄။ စာ၇

[110] HRW၊UNHCR နှင့် ဒုက္ခသည်များသည်ထိုင်းစစ်တပ်သည် မြန်မာစစ်တပ်နှင့် ဒုက္ခသည်ပြန်လည်ပို့ဆောင်ရေးသဘောတူညီချက်ရပြီး ဟူသော အစီရင်ခံစာထွက်ပေါ်ပြီးနောက် စိုးရိမ်ချက်များ ထွက်ပေါ်ခဲ့သည်။ "ကရင်သတင်းစဉ်။ ၁၅ ဇူလိုင်၂၀၁၄။ "ဒုက္ခသည်ပြန်လည်နေရာချထားရေး အတွက် မြန်မာနိုင်ငံအဆင့်သင့်မဖြစ်သေး။ UN" ဧရာဝတီ၊ ၂၄ ဇူလိုင် ၂၀၁၄။

[111] Dene-Hern Chen, "Repatriation fears mar Refugee Day in Thai border camps," Al Jazeera, 20 June 2015.

အခြေခံ အဆောက်အအုံများ မရှိသေးခြင်းသည် ဒုက္ခသည်ပြန်ရေးအတွက် အခက်အခဲများ ဖြစ်သည်။[112]

ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ စောင့်ကြည့်ကြပ်မတ်ရေးအဖွဲ့

ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ စောင့်ကြည့်ကြပ်မတ်ရေးအဖွဲ့ ငါးနှစ်တာ ပြန်လည်သုံးသပ်ချက်။ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းမရှိသေးသော မြန်မာနိုင်ငံသည် ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ၏ လူသားချင်းစာနာသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်းကို အသိအမှတ်ပြုခဲ့သည်။ သို့သော် သဘောတူစာချုပ်သို့ နောက်ထပ် တဆင့်တိုးရန် လူသိရှင်ကြား ပြောဆိုခြင်း မရှိသေးပေ။ မြန်မာနိုင်ငံသည် သဘောတူစာချုပ်အစည်းအဝေးများသို့ ၂၀၁၃ ခုနှစ်တွင် နှစ်ကြိမ်တိုင် လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။

ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းများကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် လက်လွှဲပြောင်းခြင်း မရှိဟု မြန်မာနိုင်ငံက ထုတ်ဖော်ပြောဆိုသည်။ သို့သော် မြန်မာနိုင်ငံသည် ခေတ်မီ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းနှင့် ပုံစံတူသည့် "ထပ်ဆင့်ပေါက်ကွဲ ပုံစံတူ" ရှိကြောင်း နှင့် ၂၀၁၂ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ကချင်ပြည်နယ်တွင် အသုံးပြုခဲ့ကြောင်း စွပ်စွဲပြောဆိုမှုများ ရှိခဲ့သည်။

မူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတခု မဟုတ် ပေ။[113]

မြန်မာနိုင်ငံသည် သဘောတူစာချုပ်တွင် ပါဝင်ရန် ၎င်း၏ရပ်တည်ချက်နှင့်ပတ်သက်၍ တိတိကျကျ လူသိရှင်ကြားထုတ်ဖော်ပြောဆိုခြင်း မည်သည့်အခါမှ ပြုလုပ်ခဲ့ခြင်းမရှိသော်လည်း ဤလက်နက်များကြောင့် လူသားချင်းစာနာသော နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများ ရှိသည့်အပေါ် စိုးရိမ်ချက်ကို ရံဖန်ရံခါ ဆိုသလို ထုတ်ဖော်ပြသခဲ့သည်။[114] ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများနှင့် လူသတ်မြေမြှုပ်မိုင်းများသည် "အပြစ်မဲ့ အရပ်သားပြည်သူများ ကိုယ်အင်္ဂါ အစိတ်အပိုင်းများ ဆုံးရှုံးရခြင်း၊ သတ်ဖြတ်ခံရခြင်းနှင့် အကြမ်းဖက်ခံရခြင်းများ၏ အဓိက အကြောင်းရင်းများဖြစ်သည် ဟု

112 HRW၊UNHCR နှင့် ဒုက္ခသည်များသည် ထိုင်းစစ်တပ်က မြန်မာစစ်တပ်နှင့်ဒုက္ခသည်ပြန်လည်ပို့ဆောင်ရေးသဘောတူညီချက်ရပြီးဟူသော အစီရင်ခံစာထွက်ပေါ်ပြီးနောက် စိုးရိမ်ချက်များ ထွက်ပေါ်ခဲ့သည်။ "ကရင်သတင်းစဉ်။ ၁၅ဇူလိုင်၂၀၁၄။ "ဒုက္ခသည်ပြန်လည်နေရာချထားရေးအတွက် မြန်မာနိုင်ငံအဆင့်သင့်မဖြစ်သေး။ UN" ဧရာဝတီ၊ ၂၄ ဇူလိုင် ၂၀၁၄ နှင့် "မြန်မာနိုင်ငံ၏ မြေမြှုပ်မိုင်းသည် စစ်ရှောင်ပြည်သူများ နေရပ်ရင်းပြန်ရန် အဟန့်အတားဖြစ်။ IRIN ၃ မေ ၂၀၁၃။

113 ၂၀၁၀ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် စစ်အစိုးရက တိုင်းပြည်၏ အမည်နှင့် နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းပြောင်းလဲကြောင်း ထုတ်ပြန်ကြေငြာခဲ့သည်။ စစ်အစိုးရသည် Burma မှ Myanmar သို့ ၁၉၈၉ ခုနှစ်တွင် ပြောင်းလဲခေါ်ပေါ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအများစုနှင့် နိုင်ငံအများစုက Burma ဟူသော အမည်ကိုသာ ပိုနှစ်သက်ကြသည်။

မြန်မာနိုင်ငံက ၎င်း၏ အမြင်ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် ထပ်ခါထပ်ခါ ထုတ်ဖော်ပြောဆိုခဲ့သည်။[115] ၂၀၀၉ ခုနှစ်တွင် အစိုးရအရာရှိတဦးက ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ဒေသဆိုင်ရာအစည်းအဝေးတွင် "မြန်မာနိုင်ငံသည် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း မရှိသေးသော်လည်း "ထိုလက်နက်ပစ္စည်းများအား မဆင်မခြင်အသုံးပြုခြင်းကြောင့် လူသားချင်းစာနာမှုနောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုများဖြစ်စေသောကြောင့်ပြစ်တင်ရှုတ်ချကြောင်း" ပြောဆိုခဲ့သည်။ [116]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် (ကျင်းခေါင်၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အောက်တိုဘာ ၂၀၀၈) ဖြစ်လာစေသော ေအာ်စလိုအစည်းအဝေး (Oslo Process) ၏ ဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပသော ဒေသဆိုင်ရာ အစည်းအဝေးသို့လည်း တက်ရောက်ခဲ့သည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ လာအိုနိုင်ငံ၊ ဗီယင်ကျင်းမြို့တွင် ကျင်းပသော ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ်အစည်းအဝေးသို့ မြန်မာနိုင်ငံက လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ ၂၀၁၂ ခုနှစ် နော်ဝေနိုင်ငံ ေအာ်စလိုနိုင်ငံတွင် ကျင်းပသော အဖွဲ့ဝင်နိုင်ငံများ၏ တတိယအကြိမ်မြောက် အစည်းအဝေးကို တက်ရောက်ခဲ့သော်လည်း တစုံတရာ ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့။၂၀၁၃ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံသည် ဂျနီဗာတွင် ကျင်းပသော သဘောတူစာချုပ်ပါ ကဏ္ဍစုံအစည်းအဝေးသို့ တကြိမ် တက်ရောက်ခဲ့သည်။

ထင်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများအသုံးပြုမှု၊ ထုတ်လုပ်မှု၊ လွှဲပြောင်းမှုနှင့် သိုလှောင်မှု

"မိမိတို့သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုခြင်း၊ တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း (သို့မဟုတ်) ဝယ်ယူခြင်း၊ ထိန်းသိမ်းခြင်း (သို့မဟုတ်) တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ တစုံတဦးထံသို့ လက်လွှဲပြောင်းခြင်း၊ ယခု စာချုပ်တွင် ကန့်သတ်ထားသော လုပ်ငန်းများကို တစုံတဦးက လုပ်လာစေရန် ကူညီပေးခြင်း၊ အားပေးခြင်း (သို့မဟုတ်) မြှုဆွယ်ခြင်းများ ဆောင်ရွက်ခြင်း မရှိ။" ဟု မြန်မာနိုင်ငံက၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် ထုတ်ဖော်ပြောဆို ၏ခဲ့သည်။ [117]

[114] ၂၀၁၀ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသည် သဘောတူစာချုပ်အား ပြန်လည်သုံးသပ်နေကြောင်း အစိုးရကိုယ်စားလှယ်က Monitor သို့ အသိပေးခဲ့သည်။ ဒေါ်အေးသန္တာညီနှင့် အင်တာဗျူး လက်ထောက်ဒါရိုက်တာ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေး ဝန်ကြီးဌာန။ ဗီယင်ကျင်း။ နိုဝင်ဘာ ၁၀ ၂၀၁၀။

[115] မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၃၀ အောက်တိုဘာ ၂၀၁၃။ မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီအစည်းအဝေး။ နယူးယောက်။ ၁ နိုဝင်ဘာ ၂၀၁၂။

[116] ဦးရဲမင်းသိန်း၏ ပြောဆိုချက်။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ Regional Conference on Promotion and Universalization of Convention on Cluster Munitions.ဘာလီ။ နိုဝင်ဘာ ၁၆ ၂၀၀၉ ။

[117] Ibid.

သို့သော် မြန်မာနိုင်ငံသည် ခေတ်မီထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းနှင့် ပုံစံတူသည့် "ထပ်ဆင့်ပေါက်ကွဲ ပုံစံတူ" ရှိကြောင်းနှင့် ၂၀၁၂ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ်အစောပိုင်းတွင် အသုံးပြုခဲ့ကြောင်း ပြောဆိုမှုများ ရှိခဲ့သည်။ မြန်မာအစိုးရတပ်ဖွဲ့များသည် ဗုံးခြောက်လုံး ထပ်ဆင့်ပေါက်ကွဲသည့် "ထပ်ဆင့်ပေါက်ပုံစံတူ" ဗုံး အသုံးပြုခဲ့သည့် ညွှန်းဆိုချက်များရှိနေသည်။ ၎င်းဗုံးသည် လေထဲမှကြဲချလိုက်သည့်အခါ ဗုံးထိန်းခလုတ်မှ ခွဲထွက်သွားသောဗုံးမျိုး ဖြစ်သည်။ ခေတ်မီထပ်ဆင့်ပေါက်ကွဲ ဗုံးများ၏ လုပ်ဟန်နှင့် တူသည်။ ၂၀၁၂ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ်အစောပိုင်းတွင် မြန်မာနိုင်ငံ မြောက်ဖက်ခြမ်း ကချင်ပြည်နယ် ကချင်လွတ်လပ်ရေး တပ်မတော်နှင့် ဖြစ်ပွားသော တိုက်ပွဲတွင်း အသုံးပြုခဲ့ကြောင်း ပြောဆိုမှုများ ရှိခဲ့သည်။

ဂန်းဒုံရမ်တွင် တပ်ဆွဲထားသော အစိုးရတပ်ဖွဲ့များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ တွင် ကချင်ပြည် တောင်ဖက်ခြမ်း လိုင်ဇာအနောက်ဖက် ၅ မိုင်အကွာတွင် ရှိသော မဟာဗျူဟာအရ အရေးပါသည့် ခါယာဘန် တောင်ကုန်း တိုက်ခိုက်မှုတွင် KIA တပ်ဖွဲ့များအား ထပ်ဆင့်ပေါက်ကွဲ လက်နက်များနှင့် တိုက်ခိုက်ခဲ့သည်ဟု KIA က အခိုင်အမာ ပြောဆိုခဲ့သည်။[118] ကချင်အမျိုးသား ကောင်စီ တွဲဖက်အတွင်းရေးမှူးက CMC ကို ၂၀၁၃ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် လေယာဉ်ပေါ်မှ ကြဲချသော အမျိုးအစားမသိဗုံး ဓါတ်ပုံထုတ်ပြခဲ့ပြီး၊ ဒုတိယကမ္ဘာစစ် အတွင်း အသုံးပြုခဲ့သော ပေါင် ၂၀ လေးသည့် ဖြန့်ထွက်ဗုံးများ ဖြစ်သည်ဟု အတည်ပြုခဲ့သည်။ ၎င်းဗုံးများကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက် နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၈ ရက်နေ့ မြန်မာတပ်မတော် (လေ) မှ KIA မဟာဗျူဟာကျသော ရှေ့တန်းစခန်းများကို လေကြောင်း တိုက်ခိုက်မှုအတွင်း အသုံးပြုခဲ့သည်။ ကချင်အမျိုးသား ကောင်စီ၏ အဆိုအရ "မြန်မာနိုင်ငံ ပြည်တွင်းစစ်တွင် အရင်က တခါမှ အသုံးပြုခဲ့ခြင်း မရှိသော ဗုံး အမျိုးအစား" ဖြစ်ကြောင်း ပြောဆိုသည်။ [119]

အလားတူဗုံးအစများကို တိုက်ပွဲဖြစ်သည့်နေရာမဟုတ်သော နေရာတခုသို့ ကားဖြင့်သယ်ဆောင် သွားသည့် ဓါတ်ပုံများကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က လက်ခံရရှိခဲ့သည်။[120] HRW သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် အစိုးရတပ်များက လိုင်ဇာကို လေကြောင်း တိုက်ခိုက်မှု လုပ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။[121] မြန်မာအစိုးရက နောက်ပိုင်းတွင် လိုင်ဇာကို ဗုံးကြဲ တိုက်ခိုက်ခဲ့ကြောင်း ဝန်ခံခဲ့သည်။[122]

---

[118] လိုင်ဇာအနီး KIO အဓိကစခန်းအား သိမ်းယူရန် အစိုးရစစ်တပ်သည် ထပ်ဆင့်ကွဲဗုံးများ အသုံးပြုခဲ့သည်။ ကချင်သတင်းအဖွဲ့။ ၂၆ ဇန် ၂၀၁၃။

[119] ကချင်အမျိုးသားကောင်စီတွဲဖက်အတွင်းရေးမှူး ခွန်ထွန်မှပေးပို့သော အီးမေးတွင်ပါသော ဓါတ်ပုံများ။ ၉ ဧပြီ ၂၀၁၃။

[120] ဘာတေးလင့်တနာထံမှ အီးမေး၊၂၅ မတ် ၂၀၁၃

[121] HRW သည် ၂၀၁၃ ခုနှစ် ဇန် ၁၄ ရက်နေ့ လိုင်ဇာတိုက်ခိုက်မှုကို မှတ်တမ်းတင်ခဲ့သည်။ အရပ်သား ၃ ဦး သေဆုံးခဲ့သည်။ HRW သတင်း ထုတ်ပြန်ချက်။ "မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်း မဆင်မခြင် တိုက်ခိုက်မှုများ" ၁၇ ဇန် ၂၀၁၃။

[122] HRW မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ထုတ်ပြန်ချက်အရ "မြန်မာအစိုးရက လိုင်ဇာသို့ ဗုံးကြဲခြင်းကို အစိုးရပြောရေးဆိုခွင့်ရှိသူ ရဲထွဋ်က ဇန်နဝါရီ ၁၄ တွင် ငြင်းဆိုခဲ့သည်။ ၎င်းမတိုင်ခင် ရက်သတ္တပတ်တွင်လည်း သမ္မတရုံးက KIA အား ရဟတ်ယာဉ်များ၊ တိုက်ခိုက်ရေးလေယာဉ်များနှင့် လေကြောင်း တိုက်ခိုက်မှု မရှိကြောင်း တရားဝင်ငြင်းဆိုခဲ့သည်။ သို့သော် တိုက်ခိုက်မှု ဗွီဒီယိုဖိုင်သတင်းအစီရင်ခံစာများထွက်ပြီးနောက်ပိုင်းတွင် ပြန်လည်ရုပ်သိမ်းခဲ့သည်။" HRW သတင်းထုတ်ပြန်ချက်။ "မြန်မာနိုင်ငံ၊ကချင်ပြည်နယ်အတွင်း မဆင်မခြင်တိုက်ခိုက်မှုများ" ၁၇ ဇန် ၂၀၁၃။

ဓါတ်ပုံတွင် မြင်တွေ့ရသည့် "ထပ်ဆင့်ပေါက်ကွဲပုံစံတူ" နှင့် ပေါင် ၂၀ လေးသော ဖြန့်ထွက် ဗုံးများသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ထိန်းချုပ်ခြင်း သဘောတူစာချုပ်ပါ ထပ်ဆင့်ပေါက်ကွဲစစ်လက်နက်ပစ္စည်း ဖွင့်ဆိုချက်တွင် အကျုံးဝင်သည်။[123]

မြန်မာနိုင်ငံသည် ၁၂၂ မီလီမီတာ အမျိုးအစား ၈၁ နှင့် ၉၀ ဘီ အမျိုးအစား နှင့် မြေပြင်မှ မြေပြင်ပစ် ၂၄၀ မမ ရော့ကက်လောင်ချာတို့ ပိုင်ဆိုင်သည်။ သို့သော် ၎င်းကျည်များတွင် ထပ်ဆင့်ပေါက်ကွဲပုံစံများ ပါမပါတော့ မသိနိုင်ပေ။ [124]

## ဤအစီရင်ခံစာမူရင်းသတင်းအရင်းအမြစ်မှတ်စု

မူရင်းသတင်းအရင်းအမြစ်မှတ်စုကို အောက်ပါ အစီရင်ခံစာ၏ အီလက်ထရောနစ်ဗိုင်တွင် ကြည့်ပါ။

**http://www.the-monitor.org/en-gb/reports/2015/myanmar_burma/**

---

123 ဓါတ်ပုံတွင်မြင်တွေ့ရသော ဗုံးခွံတိုက်တံများသည် အမေရိကန်ထုတ် M1 တပ်ဆင့်ပေါက်ကွဲလက်နက်နှင့်ဆင်တူသည်။ ဖြန့်ထွက်ဗုံးအသေးများသည် ခေ ခါတ်မိုပံစံများဖြစ်ပြီး ဒုတိယကမ္ဘာစစ်သုံစစ်လက်နက်ပစ္စည်များကပိုကောင်းသည်။အမည်မဖေါ်လိုသူစစ်သားတဦးက ၎င်းလက်နက်ကိုမြန်မာပြည်တွင်ထုတ်သည်ဟု အတည်ပြုသည်။ ထို့အပြင် မြန်မာ့တပ်မတော်သည် ၎င်းလက်နက်များ သုံးသည်ဟု လည်းစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးအရာရှိဟောင်းတဦးက အတည်ပြုခဲ့သည်။။

124 "မြန်မာနိုင်ငံကာကွယ်ရေးလက်နက်များ။ ၂၀ မတ်လ ၂၀၁၄။ လှဦး၏ မြန်မာ့တပ်မတော်၏MRLS သို့မဟုတ်ရော့ကက်မျိုးစုံပစ်နိုင်သောစနစ်ကို အင်္ဂလိပ်လို ဘာသာပြန်ဆိုမှု။ ၂၃မတ် ၂၀၁၄။